# မြန်မာနိုင်ငံရှိ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်

ဂျရတ် ဘစ်ဆင်ဂျာ

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်အမှတ် (၁၇)

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံရှိ ဒေသန္တရ စီးပွားရေး စီမံအုပ်ချုပ်မှုစနစ်

ဂျရတ် ဘစ်ဆင်ဂျာ

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ်(၁၀)

ဖေဖော်ဝါရီလ၊ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် မြန်မာနိုင်ငံ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ် ဂျရတ် ဘစ်ဆင်ဂျာ တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://www.asiafoundation.org/publication/local-economic-governance-in-myanmar-burmese/.

ရည်ညွှန်းကိုးကား- ဂျရတ် ဘစ်ဆင်ဂျာ (ဖေဖော်ဝါရီလ၊ ၂၀၁၆) တို့၏ *မြန်မာနိုင်ငံ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်၊* အာရှဖောင်ဒေးရှင်း

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ နိဒါန်း

မြန်မာနိုင်ငံအသွင်ကူးပြောင်းမှု၏ အသီးအပွင့်များကို နိုင်ငံအတွင်းရှိ လူများစု ရရှိခံစားနိုင်စေရေးအတွက် ဒေသန္တရအဆင့် စီးပွားရေးစီမံ အုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲရန် မရှိမဖြစ်လိုအပ်နေသည်။ ၎င်းတို့သည် အခြေခံပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် အဓိကတာဝန်ရှိသူများဖြစ်ကြပြီး နိုင်ငံသားများ၏ လိုလားချက်များကို မဖြည့်ဆည်းနိုင်ပါကလည်း ဝေဖန်ပြစ်တင်မှုများကို ပထမဦးဆုံးကြုံရသူများဖြစ်သည်။ ထို့အတွက်ကြောင့် ဒေသန္တရအဆင့် အစိုးရအဖွဲ့အစည်းများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်လိုသည့် ဆန္ဒများ အထူးရှိနေတတ်သည်။ ၎င်းတို့၏ အကန့်အသတ်များသော လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ ရှိနေပါက မူဝါဒသစ်များကို စမ်းသပ်အကောင်အထည်ဖော်ရန်အတွက် ပြောင်းလွယ်ပြင်လွယ် သဘောထားများလည်း ရှိကြသည်။ ဒေသန္တရအဆင့် အစိုးရအဖွဲ့အစည်းများသည် အကန့်အသတ်နှင့်ရှိနေသော ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်၊ နိုင်ငံ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ၎င်းတို့အကြားတွင် ခြားနေသော အုပ်ချုပ်ရေးအလွှာပေါင်းစုံအပြင် ဒေသတွင်းအကျိုးစီးပွားနှင့်ပတ်သက်ကာ စိတ်ပါဝင်စားမှုများစွာရှိနေခြင်းများကြောင့် အပြောင်းအလဲကို ကျင့်သုံးအားထုတ်ရာတွင် နှေးကွေးသူများလည်းဖြစ်နေနိုင်သည်။

မြန်မာနိုင်ငံသားအများစုအတွက် အဓိကဆက်ဆံရသော အစိုးရအဆင့်မှာ မြို့နယ်အဆင့်ဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များတွင် အခွန်အခများကောက်ခံခြင်း၊ လုပ်ကွက်များချထားပေးခြင်း၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုးအတွက် လုပ်ပိုင်ခွင့်များချထားပေးခြင်း စသည်ဖြင့် ကျယ်ပြန့်သော စီးပွားရေးဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများ ရှိကြသည်။ ထို့အပြင် ၎င်းတို့သည် လုပ်ငန်းရပ်အလိုက် ဗဟိုချုပ်ကိုင်မှု လျှော့ချပေးထားသောအခွင့်အာဏာများရှိကြသလို သက်ဆိုင်ရာဒေသအတွင်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ရာတွင် ဆုံးဖြတ်ခွင့်အာဏာလည်း ရှိကြသည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်နေသရွေ့ အကောင်အထည်ဖော်မှုပုံစံများကို စမ်းသပ်ပြောင်းလဲ လုပ်ကိုင်နိုင်ခွင့်ကိုလည်း ပေးထားသည်။ စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ၎င်းတို့၏တာဝန်မှာ စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ဝန်ဆောင်မှုများပေးခြင်းထက် လိုင်စင်ချထားပေးရန်နှင့် အခွန်ကောက်ခံရန်သာ အဓိကအာရုံထားဆောင်ရွက်ကြသည်။ သို့ရာတွင် အခွန်ကောက်ခံမှုစနစ်မှာလည်း 'လုပ်ပိုင်ခွင့်အတွက် တစ်လုံးတစ်ရင်းတည်း အခွန်ပေးဆောင်ခြင်း' အပေါ်တွင်သာ အဓိကမှီခိုနေခြင်းဖြစ်သည်။ အာဏာရှင်အစိုးရစနစ်မှ အမွေဆက်ခံရရှိသည့် အစဉ်အလာဖြစ်သည်။[၁]

ဤမူဝါဒဆွေးနွေးချက်ကို ကျယ်ပြန့်သည့် 'ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်' ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆန်းစစ်ခြင်းဖြင့် အစပြုထားပြီး စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့်ပတ်သက်ပြီး သုံးသပ်ဆွေးနွေးထားပါသည်။ ဒုတိယအပိုင်းတွင် စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံများ၊ အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များအကြောင်းကို အဓိကထား၍ လေ့လာဆန်းစစ်ထားသည်။ တတိယပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ဝင်ငွေများအကြောင်းနှင့် စတုတ္ထပိုင်းတွင် ရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းအချို့ကို လေလံများမှတဆင့် လိုင်စင်ချထားပေးသည့်အကြောင်းကို လေ့လာသုံးသပ်ထားသည်။ မူဝါဒဆွေးနွေးချက်အချုပ်ကို ဒေသန္တရအဆင့် စီးပွားရေးစီမံအုပ်ချုပ်မှုနှင့်ပတ်သက်ပြီး အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

### ၁.၁။ ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဤမူဝါဒအနှစ်ချုပ်သည် တစ်ဦးချင်း စီးပွားရေးလုပ်ငန်းသမားများမှစကာ အရွယ်အစားကြီးမားသော စီးပွားရေးလုပ်ငန်းအုပ်စုကြီးများအထိ ပါဝင်အောင် ပုံဖော်ထားသည့် ပုဂ္ဂလိက စီးပွားရေးဆောင်ရွက်မှုများကို စီမံအုပ်ချုပ်ခြင်းအပေါ် ဗဟိုပြုလေ့လာထားပါသည်။ ၎င်းအဓိပ္ပါယ်ဖွင့်ဆိုချက်အောက်တွင် စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်မျိုးစုံပါဝင်ပြီး အောက်ဖော်ပြပါ လုပ်ငန်းများလည်း ပါဝင်သည်။

- **ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်များ ချထားပေးခြင်း** - လုပ်ငန်းလိုင်စင် (အထူးသီးသန့်လိုင်စင်နှင့် ပုံမှန်လိုင်စင်များ)၊ ကဏ္ဍ/လုပ်ငန်းရပ်အလိုက်ထုတ်ပေးသော လိုင်စင်များ၊ အဆောက်အဦဆောက်လုပ်ခွင့်ပါမစ်၊ မြေယာမှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုစာများ ထုတ်ပေးခြင်း

- **အခွန်အခများကောက်ခံခြင်း** - အခွန်များ၊ ဝန်ဆောင်ခများ၊ ဒဏ်ကြေးများနှင့် အခြားဝင်ငွေများ

- **ဝန်ဆောင်မှုများပေးခြင်း** - ဒေသန္တရအခြေခံ အဆောက်အဦများနှင့် ဝန်ဆောင်မှုများ၊ ကဏ္ဍအလိုက်ဝန်ဆောင်မှုများ၊ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး အစီအစဉ်များ၊ နိုင်ငံတော်မှပေးအပ်သော ချေးငွေအစီအစဉ်များနှင့် အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း

- **စည်းကမ်းကြီးကြပ်ထိန်းကွပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း** - လုပ်ငန်းလည်ပတ်ရာတွင် လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း

- **စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း** - သက်ဆိုင်ရာမြို့နယ်လုထုများနှင့် ထိတွေ့ဆက်ဆံခြင်း၊ သတင်းအချက်အလက်များပေးခြင်း

### ၁.၂။ အုပ်ချုပ်ရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊

[၁] အစိုးရအတွက် ထိုသို့ကြိုတင်ပေးဆောင်ထားသောစနစ်ဖြင့် လိုက်နာမှုအားနည်းသည့်ကိစ္စကို ရှောင်ရှားနိုင်သည်။

ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဖွဲ့စည်းပုံများကို ပြဋ္ဌာန်းခဲ့ပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို ဇယား ၂ နှင့် ဇယား ၅ တွင် ဖော်ပြခဲ့သည်။[၂] ထိုသို့ အုပ်ချုပ်ရေးအာဏာခွဲဝေသည့် ပုံစံအရ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များက ဥပဒေပြဋ္ဌာန်းခွင့်ရှိပြီး အခွန်ကောက်ခံနိုင်သော စီးပွားရေးကဏ္ဍများအပေါ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရက လုပ်ငန်းလိုင်စင်ချထားပေးခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်သည့် အာဏာရှိကြသည်ဟု ဆိုနိုင်သည်။[၃] ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ပြည်ထောင်စုအဆင့်မှ အခွန်ကောက်ခံသည့် အချို့ကဏ္ဍများအတွက် လိုင်စင်ချထားပေးခွင့် မရှိသော်လည်း ဝန်ကြီးဌာနများသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှတဆင့်ပင် ထိုကဏ္ဍများတွင် စီမံလုပ်ကိုင်သည်။[၄]

ထိုအချက်သည် မြန်မာနိုင်ငံ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်၏ အဓိကအကျဆုံး ဝိသေသလက္ခဏာတစ်ခုကို ညွှန်ပြနေသည်။ ယင်းမှာ 'မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် လက်ရှိ ဖွဲ့စည်းပုံအတွင်း၌ လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေချထားပေးခြင်းသာဖြစ်ပြီး ဖွဲ့စည်းပုံများကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း မဟုတ်' ဟူသော အချက်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများသည် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးကို အစီရင်ခံရသလို ၎င်းမှတစ်ဆင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံရသည်။ ဆုံးဖြတ်ခွင့်မည်မျှရှိသနည်းဟူသောအချက်ကိုလည်း မည်သည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သနည်းဟူသော အချက်က အဆုံးအဖြတ်ပေးသည်။ ထိုသို့သော ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပုံစံများသည် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ပုံတွင် ထင်ဟပ်လျက်ရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ပြည်နယ်/တိုင်းဒေသကြီးများအတွက်ရော ပြည်ထောင်စုအစိုးရအတွက်ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေရခြင်းဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်နေသည့် ဌာနများဖြစ်သော်လည်း ၎င်းတို့သည် ပြည်နယ်တိုင်းဒေသကြီး အစိုးရများအတွက် အခွန်ကောက်ခံပေး (သို့မဟုတ် အခွန်ကောက်ခံရာတွင် အကူအညီပေး) ကြရသည်။[၅] ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ၎င်းတို့၏အခွန်များကို တိုက်ရိုက် ကောက်ခံရရှိသော်လည်း ဘတ်ဂျက်အဆိုပြုစီစစ်ခြင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အရေးပါသော အခန်းကဏ္ဍများဖြင့် ပြည်ထောင်စုအစိုးရသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအပေါ် လွှမ်းမိုးမှုရရှိဆဲဖြစ်သည်။

---

၂ ထိုဇယားများသည် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဥပဒေပြုရေးနှင့် ဘဏ္ဍာငွေကောက်ခံနိုင်သည့် စာရင်းများဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှင်းလင်းတိကျစွာ ဖော်ပြမထားသော်လည်း မည်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍများအပေါ် အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်များရှိနေသည်ကိုလည်း လမ်းညွှန်ပြသည်။

၃ ဥပမာ - (ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား၂ အရ ပြည်နယ်/တိုင်းဒေသကြီး လုပ်ပိုင်ခွင့်အောက်တွင်ရှိသော) ရေချိုငါးဖမ်းလုပ်ငန်း လိုင်စင်များကို ပြည်ထောင်စုအဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ခွင့်ပြုပေးခြင်းမဟုတ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး အစိုးရက ခွင့်ပြုချထားပေးရသည်။

၄ ဥပမာ - ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများသည် ပြည်ထောင်စုအဆင့် ကိစ္စရပ်များအတွက်လည်း တာဝန်ယူဆောင်ရွက်ရသည်။ "ပြည်ထောင်စုဝန်ကြီးဌာနများသို့ အစီရင်ခံစာများတင်ခြင်း၊ စောင့်ကြည့်ခြင်း၊ ဗဟိုအစိုးရမှ စီစဉ်ဆောင်ရွက်သည့် ကိစ္စများတွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုအစိုးရကို အကူအညီပေးခြင်း" စသည်တို့ ဆောင်ရွက်ရသည်။ Jared Bissinger and Linn Maung, Subnational Governments and Business in Myanmar (Yangon: The Asia Foundation and Myanmar Development Research Institute-CESD, February 2014), 15

၅ ၎င်းတို့လုပ်ငန်းအချို့ လည်ပတ်နိုင်ရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ရန်ပုံငွေများချပေးသည်။ သို့သော် ထိုရန်ပုံငွေများ၏ အများစုမှာ ပြည်ထောင်စုရန်ပုံငွေမှ ပြည်နယ်/တိုင်းဒေသကြီးများသို့ ချပေးထားခြင်းဖြစ်သည်။

## နစ်။ ။ ဒေသန္တရ စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပုံစံထုတ်ယူခြင်း

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများ၏ လုပ်ပိုင်ခွင့်အောက်၌ ကျရောက်နေသော ဌာနများနှင့် နိုင်ငံပိုင်လုပ်ငန်းများ အများအပြားရှိသည်။[၆] မြို့နယ်အဆင့်အထိရှိသော ဌာနဆိုင်ရာအရေအတွက် နည်းပါးသော်လည်း အရေးအပါဆုံး ဌာနများအားလုံးမှာ မြို့နယ်အဆင့်တွင်ရှိကြသည်။ ၎င်းတို့အထဲတွင် အထွေထွေအုပ်ချုပ်ရေး၊ ပြည်တွင်းအခွန်၊ စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ အပါအဝင်ဖြစ်သည်။[၇] စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးနှင့် ပြည်တွင်းအခွန်ဟူသော ဌာနဆိုင်ရာ အဖွဲ့အစည်းသုံးခုသည် မြို့နယ်အဆင့် စီးပွားရေးကဏ္ဍတွင် ပုံမှန်သဘောဆောင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ဆက်ဆံမှုများ လုပ်လေ့ရှိသည်။ စည်ပင်သာယာရေးအဖွဲ့များသည်လည်း စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုအာဏာ ကျယ်ကျယ်ပြန့်ပြန့်ရှိကြသည်။ ၎င်းတို့သည် မြို့ပြဝန်ဆောင်မှုများပေးခြင်းနှင့် လိုင်စင်ချထားပေးခြင်းတို့ကို အဓိကလုပ်ကိုင်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်တွင် အာဏာအရှိဆုံး အဖွဲ့အစည်းဖြစ်ပြီး ပေါင်းစပ်ညှိနှိုင်းခြင်း၊ စောင့်ကြပ်ထိန်းကွပ်ခြင်း လုပ်ငန်းများကို အဓိကဆောင်ရွက်သည်။ ပြည်တွင်းအခွန်၏ အဓိကလုပ်ငန်းမှာမူ အခွန်ကောက်ခံခြင်းပင်ဖြစ်သည်။[၈]

ပြည်ထောင်စုဝန်ကြီးဌာနများသည်လည်း မြို့နယ်အဆင့်တွင် ဌာနများရှိပြီး အရွယ်အစားသေးငယ်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်များနှင့် ချိတ်ဆက်လုပ်ကိုင်ကြသည်။[၉] နောက်ဆုံးအနေနှင့် အချို့သောမြို့နယ်များတွင် စီးပွားရေးဇုံများရှိပြီး ၎င်းတို့ကို အစိုးရတစ်ပိုင်းပုံစံ လုပ်ငန်းရပ်မျိုးကျင့်သုံးသည့် စီမံခန့်ခွဲမှုကော်မတီများက အုပ်ချုပ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်တွင်းအခွန်တို့မှအပ ကဏ္ဍအလိုက်တာဝန်ယူထားသော ဌာနများတွင် အထက်မှခွင့်ပြုချက်ချပေးသော လိုင်စင်များ၊ အခွန်များရှိသည်။ အစိုးရဌာန တစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းတာဝန် ဆင်တူရိုးမှားဖြစ်ခြင်း သို့မဟုတ် တစ်ထပ်တည်းတူညီနေခြင်းများကိုတွေ့ရသည်။[၁၀] ဒေသန္တရအဆင့်၌လည်း ပေါင်းစပ်ညှိနှိုင်းမှုများ အများအပြား ဆောင်ရွက်ကြရသည်။ ဥပမာ မြို့နယ်အဆင့်တွင် အပတ်စဉ် စုံညီအစည်းအဝေး ကျင်းပလေ့ရှိသည်။

### ၂.၁။ စည်ပင်သာယာရေးအဖွဲ့များ

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့စနစ်အတွင်း အခြေခံအကျဆုံး မြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ပြီး စီးပွားရေးကဏ္ဍမျိုးစုံတွင် အစိုးရဝန်ဆောင်မှုများပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စုအစိုးရလက်အောက်မှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများလက်အောက်သို့ အပြည့်အဝ ဗဟိုချုပ်ကိုင်မှုလျှော့ချပေးလိုက်သော အဖွဲ့အစည်းများလည်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရ တရားဝင်ဖြစ်မှုသည် ပြည်နယ်/တိုင်းဒေသကြီး အဆင့် အစိုးရများတွင် မူတည်ပြီး ၂၀၁၂ ခုနှစ်မှစ၍ စည်ပင်သာယာရေးအဖွဲ့ ဥပဒေများကို အသီးသီး ပြဋ္ဌာန်းခဲ့ကြသည်။[၁၁] ထို့ကြောင့် ၎င်းတို့သည် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိတော့ဘဲ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးသို့ အစီရင်ခံရသည်။ ဝန်ကြီးသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့မှတဆင့် 'မြို့နယ်စည်ပင်သာယာယာရေးအဖွဲ့ရုံးများအကြား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း' ပြုလုပ်သည်။[၁၂] စည်ပင်သာယာရေးအဖွဲ့များပေးသော ဝန်ဆောင်မှုများထဲမှ အရေးအပါဆုံး ဝန်ဆောင်မှုများမှာ မြို့ပြလမ်းများဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ မိလ္လာနှင့် သန့်ရှင်းရေး၊ လမ်းမီးထွန်းညှိခြင်းနှင့် မြို့ပြရေပေးဝေရေး လုပ်ငန်းများဖြစ်သည်။[၁၃] စည်ပင်သာယာရေးအဖွဲ့

---

[၆] ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် အများအားဖြင့် တူညီသောဌာနများရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းပုံများလည်း ကွဲပြားနိုင်သည်။

[၇] အခြားဌာနများမှာ ဒေသန္တရစီးပွားရေးအခြေအနေများပေါ်မူတည်ကာ အချို့မြို့နယ်များတွင်သာရှိသည်။ စည်ပင်သာယာရေးအဖွဲ့၊ အိုးအိမ်ဦးစီးဌာန စသည်တို့သည် မြို့ပြအခြေပြုအဖွဲ့များဖြစ်သဖြင့် ၎င်းတို့၏အခန်းကဏ္ဍသည် မြို့ပြပိုဆန်သောမြို့နယ်များတွင် ပိုအရေးပါတတ်သည်။ ကျေးလက်ဆန်သောမြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ သစ်တောဦးစီးဌာန စသည့် ဌာနများက ပိုမိုအဓိကကျသောအခန်းကဏ္ဍတွင် လုပ်ကိုင်သည်။ နေရာဒေသ အနေအထားအလိုက် မြို့နယ်အဆင့်ဌာနများအကြားတွင်လည်း ကွာခြားမှုများရှိသည်။

[၈] ထွေ/အုပ်နှင့် စည်ပင်သာယာရေးအဖွဲ့တို့သည် စီးပွားရေးကဏ္ဍ စီမံအုပ်ချုပ်မှုတွင် ပါဝင်ကြသော ကျန်ဝန်ကြီးဌာနများနည်းတူ အခွန်ဘဏ္ဍာ ကောက်ခံစုဆောင်းမှုလုပ်ပိုင်ခွင့် အများအပြားရှိကြသည်။ သို့ရာတွင် ၎င်းတို့အတွက် အခွန်ဘဏ္ဍာကောက်ခံမှုသည် လုပ်ငန်းရပ်များထဲမှ တစ်ခုသာဖြစ်ပြီး ပြည်တွင်းအခွန်မှာမူ နိုင်ငံ၏ဘတ်ဂျက်တွင် အရေးပါသောပမာဏရှိသည့် အခွန်များကောက်ခံရေး ကိစ္စရပ်တစ်မျိုးတည်းကိုသာ တာဝန်ယူဆောင်ရွက်သည်။

[၉] ယခုအစီရင်ခံစာတွင် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံမှု တစ်နည်းမဟုတ်တစ်နည်းရှိကြသော ဌာနအများစုကို ဖော်ပြထားသော်လည်း ၎င်းတို့မှာ စာရင်းအပြည့်အစုံ မဟုတ်ချေ။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရလက်အောက်တွင် ဌာနဆိုင်ရာပေါင်း ၉၀ ခန့်အထိ ရှိနိုင်သည်။

[၁၀] ဥပမာ - စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဒေသများရှိ လမ်းများကို ဖောက်လုပ်ရန်တာဝန်ယူရပြီး ကျေးလက်ဒေသများတွင်မူ လမ်းအမျိုးအစားအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သို့မဟုတ် လမ်းဦးစီးဌာနက တာဝန်ယူသည်။ နယ်စပ်ဒေသများတွင်မူ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူရသည်။

[၁၁] မည်သို့ပင်ဆိုစေကာမူ ထိုဥပဒေများအားလုံးသည် ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က စည်ပင်သာယာရေးအဖွဲ့များအတွက် ပြည်ထောင်စုအဆင့်တွင် ချမှတ်ထားသော ဥပဒေအမှတ် ၅/၉၃ နှင့် ဆင်တူမနေလျှင် အနည်းငယ်သာကွဲပြားကြသည်။ သို့သော် ယခုအခါတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၌ ချမှတ်ထားသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရ လုပ်ငန်းတာဝန်များသည် သဘောတရားအရ ကွဲပြားကောင်းကွဲပြားနိုင်သည်။

[၁၂] မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် တိုက်ရိုက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ကိုင်တွယ်ပြီး ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ရုံးများက ပေးအပ်သော "နှစ်စဉ် စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များဖော်ဆောင်ခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ပုံမှန် မြူနီစီပယ်စီမံခန့်ခွဲမှုများနှင့် ဝန်ဆောင်မှုပေးခြင်း" စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။

[၁၃] အခြားဝန်ဆောင်မှုများတွင် စားသောက်ဆိုင်၊ ဆိုင်ငယ်များ၊ တည်းခိုခန်းများ၊ အနေ့းယာဉ်လုပ်ငန်းများ စသည်ဖြင့် လုပ်ငန်းအမျိုးမျိုးအတွက် လိုင်စင်ချထားပေးခြင်းများ ပါဝင်သည်။

များသည် လုပ်ငန်းများ၊ အန္တရာယ်ရှိသော ကုန်ပစ္စည်းများနှင့် ပတ်သက်သော လိုင်စင်များကိုလည်း စီစစ်ချထားပေးသည်။ ထို့အပြင် သားသတ်ရုံများ၊ ကူးတို့ လုပ်ငန်းများနှင့် အပေါင်ဆိုင်များကဲ့သို့သော လုပ်ငန်းကဏ္ဍများအတွက် လုပ်ငန်းလိုင်စင်များ ချထားပေးသည်။[၁၄] ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ၊ အများပြည်သူနှင့်ဆိုင်သော ဆောက်လုပ်ရေးလုပ်ငန်းများ နှစ်မျိုးစလုံးအတွက် ဆောက်လုပ်ခွင့်ပါမစ်ထုတ်ပေးရာတွင်လည်း ၎င်းတို့ပါဝင်သည်။

**လိုင်စင်ချထားပေးခြင်း** - လုပ်ငန်းလိုင်စင်များချထားပေးခြင်းသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကအကျဆုံး စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှု လုပ်ငန်းရပ်တစ်ခုဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရသော် စည်ပင်သာယာရေးအဖွဲ့များမှ ချထားပေးသော လိုင်စင် နှစ်မျိုးနှစ်စားရှိသည်။ ၎င်းတို့မှာ ပုံမှန်လုပ်ငန်းလိုင်စင်များ (စီးပွားရေးလုပ်ငန်းမည်ရွေ့မည်မျှကိုသာ လိုင်စင်ချထားပေးရမည်ဟူသော အရေအတွက်ကန့်သတ်ချက်မရှိ) နှင့် ဈေးပြိုင်လေလံလိုင်စင်များ တို့ဖြစ်သည်။ ကျွဲနွား ဈေးကွက်များ၊ သားသတ်ရုံများ၊ ပုဂ္ဂလိကပိုင် ဈေးများ၊ အသေးစား ငွေချေးလုပ်ငန်း (အပေါင်ဆိုင်) များနှင့် ကူးတို့လုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် လိုင်စင်များ ချထားပေးလေ့ရှိသည်။ လမ်းဘေးဈေးဆိုင်များ၊ မုန့်တိုက်နှင့် စားသောက်ဆိုင်များ၊ အန္တရာယ်ရှိသော ကုန်စည်များ၊ တည်းခိုခန်းများနှင့် အနေးယာဉ်လိုင်စင်များမှာမူ အရေအတွက် အကန့်အသတ်မရှိသော ပုံမှန်လိုင်စင်အမျိုးအစားများဖြစ်သည်။[၁၅] ပြိုင်ဆိုင်စရာမလိုသော လိုင်စင်ရယူလိုသည့် လုပ်ငန်းအနေဖြင့် လျှောက်လွှာအပြည့်အစုံ၊ လိုင်စင်ကြေး၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်စသည်တို့ကို စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရသည်။

စည်ပင်သာယာရေးအဖွဲ့များသည်မြို့ပြဒေသများရှိကြော်ငြာဆိုင်းဘုတ်များ စီမံခန့်ခွဲခြင်းအလုပ်ကိုလည်း လုပ်ကိုင်ပြီး လိုင်စင်ချထားပေးခြင်းနှင့် လိုင်စင်ကြေးများကောက်ခံခြင်းတို့ ပြုလုပ်ရန် လုပ်ပိုင်ခွင့်ရှိသည်။ ဆိုင်းဘုတ်ခွင့်ပြုချက်ရယူသည့်လုပ်ငန်းစဉ်မှာမူ အထက် အာဏာပိုင်များသို့ တင်ပြတောင်းခံရသည်။

**အဆောက်အဦဆောက်လုပ်ခွင့်ပါမစ်များ** - အဆောက်အဦဆောက်လုပ်ခွင့် ပါမစ်ချပေးရာတွင် ဌာနဆိုင်ရာအမျိုးမျိုး ပါဝင်ဆောင်ရွက်ရသည်။ စည်ပင်သာယာရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရရန် စောင့်ရချိန်မှာ စီမံကိန်းအရွယ်အစားပေါ် မူတည်၍ ၁၄ ရက်မှ ၂၃ ရက်အထိ ကြာနိုင်သည်။ အဆောက်အဦဆောက်လုပ်မည့်သူက စည်ပင်သာယာရေးအဖွဲ့ကို ပေးရသော "ကြီးကြပ်စစ်ဆေးခ" (ဆောက်လုပ်ရန် ကုန်ကျစရိတ်၏ ၁%) မှာ မနည်းသောပမာဏဖြစ်သည်ဟု ထင်ရသော်လည်း ဆောက်လုပ်ခွင့်ပါမစ်များမှရသော ငွေပမာဏမှ စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းဝင်ငွေအချိုး၏ အနည်းငယ်သာရှိသည်။ ယေဘုယျအားဖြင့် ၁၀% အောက်တွင်သာ ရှိတတ်သည်။ စည်ပင်မှ အင်ဂျင်နီယာများသည် အဆောက်အဦကို အဓိကစစ်ဆေးသူများ ဖြစ်သည်။

အစိုးရတင်ဒါများမှတစ်ဆင့်ဆောင်ရွက်သော ဆောက်လုပ်ရေးစီမံချက်များအတွက် စောင့်ကြည့်ကွပ်ကဲသည့်စနစ်မှာ ပုဂ္ဂလိက ဆောက်လုပ်ရေးစီမံချက်များနှင့် ကွဲပြားသည်။[၁၆] ထိုစနစ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနမှ အစိုးရအရာရှိများ (ဥပမာ ကျောင်းဆောက်လုပ်မှုအတွက် ပညာရေးဝန်ကြီးဌာနမှ အရာရှိ) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာတစ်ဦး ပါဝင်သည်။ ပုဂ္ဂလိက ဆောက်လုပ်ရေးစီမံချက်များနှင့် မတူသည်မှာ စစ်ဆေးရေးတာဝန်ခံ အင်ဂျင်နီယာသည် စည်ပင်သာယာရေးအဖွဲ့မဟုတ်ဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဖြစ်သည်။ အချို့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် အများပြည်သူနှင့်သက်ဆိုင်သော စီမံကိန်းများကို ကြီးကြပ်စစ်ဆေးခ ကင်းလွတ်ခွင့်ပေးကြသည်။

**ဝင်ငွေများ** - စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ဝင်ငွေအများစုကို သက်ဆိုင်ရာမြို့နယ်အတွင်းမှပင် ကောက်ခံစုဆောင်းရရှိကြပြီး ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေလက်ခံရရှိခြင်း မရှိကြပေ။ ဈေးပြိုင်လေလံကြေးများသည် ၎င်းတို့၏ အဓိကအကျဆုံး ဝင်ငွေအရင်းအမြစ်များ ဖြစ်တတ်သည်။[၁၇] အခြား ဈေးပြိုင်မဟုတ်သော လိုင်စင်ကြေးများနှင့် စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခွန်များသည်လည်း စည်ပင်သာယာရေးအဖွဲ့အများအပြားအတွက် အရေးပါသော ဝင်ငွေအရင်းအမြစ်များဖြစ်သော်လည်း အခွန်များနှင့် ဒဏ်ကြေးများမှ ကောက်ခံရရှိငွေမှာ စည်ပင်အဖွဲ့များ၏ ဝင်ငွေတွင် ပါဝင်မှုအချိုး အနည်းငယ်သာရှိသည်။ စည်းကမ်းချိုးဖောက်သူများကို ဒဏ်ငွေဆောင်စေခြင်းနှင့် အပြစ်ပေးခြင်းနည်းလမ်းများကို ဖော်ဆောင်ရန် ကုန်ကျစရိတ်က ရရှိနိုင်သည့်ငွေထက် များတတ်သဖြင့် စည်ပင်သာယာရေးအဖွဲ့များသည် အပြစ်ရှိသူများကို ဒဏ်ရိုက်သည့်အစား ညှိနှိုင်းဆောင်ရွက်ရန် ဖိအားပေးခြင်းခံကြရသည်။ ယင်းအချက်မှာ ဥပဒေနှင့်မညီသော အပြုအမူများကို ကောင်းစွာတားဆီးနိုင်ခြင်း မရှိသေးအောင် ဟန့်တားထားသောအချက်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များသည် အခြားဌာနများက ဝင်ငွေခွဲဝေသည့် အစီအစဉ်များမှလည်း အကျိုးရရှိသည်။ မြို့နယ်အဆင့် ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံရရှိသော ဝင်ငွေခွန် စုစုပေါင်းငွေပမာဏ၏ ၅% ကို ရရှိသည်။[၁၈]

---

[၁၄] ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ စည်ပင်သာယာရေးအဖွဲ့မှ ပေးအပ်သော သတင်းအချက်အလက်

[၁၅] အမျိုးအစားအားလုံးပါသော စာရင်းကုန်မဟုတ်သေးပါ သို့သော် အဓိကကျသော အကန့်အသတ်ရှိလိုင်စင်များနှင့် အကန့်အသတ်မရှိလိုင်စင်များကို ဖော်ပြထားခြင်းဖြစ်သည်။

[၁၆] အစိုးရစီမံချက်များအတွက်မူ လုပ်ငန်းပြီးစီးမှု ၂၅%၊ ၅၀%၊ ၇၅% နှင့် ၁၀၀% ရှိသည့် အချိန်များတွင် အစိုးရအရာရှိများ ပါဝင်သောအဖွဲ့က စစ်ဆေးရသည်။

[၁၇] ယေဘုယျအားဖြင့် ဝင်ငွေ၏ ၃၅% မှ ၇၀% မှာ လေလံလိုင်စင်များမှ ရရှိခြင်းဖြစ်သည်။

[၁၈] ထိုသို့လွှဲပြောင်းမှုများသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပြည်နယ/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့အကြား ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတိပြုစေလိုပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ ပြည်နယ်/တိုင်းဒေသကြီးရုံးမှတဆင့် ပြန်လည်ခွဲဝေပေးခြင်း ဖြစ်ပါသည်။ (အစိုးရနှင့် အင်တာဗျူးအမှတ် ၀၃၂ - ၂၀၁၅၊ ဇူလိုင် ၁၆ နှင့် အစိုးရနှင့် အင်တာဗျူးအမှတ် ၀၃၈ - ၂၀၁၅၊ ဇူလိုင် ၂၀) ထိုသို့လွှဲပြောင်းပေးငွေများသည် အချို့

## ၂.၂။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြန်မာနိုင်ငံ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်တွင် အချက်အခြာအကျဆုံးနှင့် လုပ်ပိုင်ခွင့်အာဏာအရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံသားများ ပုံမှန်ထိတွေ့ဆက်ဆံရသော အာဏာပိုင်အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ မြို့နယ်အဆင့်တွင် ဗဟိုချက်ကျသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့် အပတ်စဉ် ဌာနဆိုင်ရာစုံညီအစည်းအဝေးများကိုလည်း ခေါ်ယူကျင်းပရန်တာဝန်ရှိသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ လူဦးရေစာရင်းသွင်းခြင်းနှင့် စာရင်းပေါင်းခြင်း၊ အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့ကိုလည်း ဆောင်ရွက်သည်။ ထွေအုပ်၏ စီးပွားရေးကဏ္ဍနှင့် လုပ်ငန်းပိုင်းအဓိကလုပ်ငန်းတာဝန်မှာ လိုင်စင်ထုတ်ပေးခြင်းနှင့် ကန့်သတ်ကုန်၊ ပစ္စည်းများ (အဖျော်ယမကာ သို့မဟုတ် ပိုင်ဆိုင်မှုစသဖြင့်) ရောင်းချမှု သို့မဟုတ် မြေယာလွှဲပြောင်း မှု၊ ဆောက်လုပ်ရေး စသည့် ကိစ္စရပ်များအတွက် လိုအပ်သော သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းဖြစ်သည်။[၁၉] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်၊ တာတမံခွန် စသည်ဖြင့် အခွန်လေးမျိုးကို ကောက်ခံရန်တာဝန်ရှိသည်။

## ၂.၃။ ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စုအစိုးရ၏ အရေးအပါဆုံး အခွန်ကောက်ခံသည့် ရုံးဌာနဖြစ်ကာ မြို့နယ်တိုင်းလိုလိုတွင် တည်ရှိသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် တိုင်းပြည်တွင် အဓိကအများဆုံး အခွန်ပုံစံနှစ်မျိုးဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် နှစ်မျိုးစလုံးကို ကောက်ခံသည့်အပြင် တံဆိပ်ခေါင်းခွန်များနှင့် အခြားသော အခွန်ပုံစံအမျိုးမျိုးကိုလည်း ကောက်ခံသည်။ ကုန်သွယ်လုပ်ငန်းခွန်သည် စုစုပေါင်းဝင်ငွေပေါ်မူတည်၍ ကဏ္ဍအလိုက် နှုန်းသေသတ်မှတ်ထားသော အခွန်ဖြစ်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းအများစုတွင် စုစုပေါင်းရောင်းရငွေ၏ ၅% ကို ကောက်ခံလေ့ရှိသည်။ အခွန်စည်းကြပ်မှုဖော်မြူလာအရ အချို့သော စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် သွင်းအားစုကုန်ကြမ်းများအတွက် ကုန်ကျငွေကို အခွန်တွက်ချက်မှုမှ နုတ်ယူရန် လိုအပ်သော်လည်း ပြုလုပ်လေ့နည်းသည်။[၂၀] မြို့နယ်အခွန်ရုံးသည် စီးပွားရေးလုပ်ငန်းများအားလုံးကို စောင့်ကြည့်ပြီး လုပ်ငန်းအမျိုးအစားနှင့် သဘောသဘာဝ၊ ယခင်နှစ်ကပေးဆောင်ခဲ့သော အခွန်ပမာဏ၊ လုပ်ငန်းအရွယ်အစားနှင့် ဝန်ထမ်းဦးရေကို ချိန်ထိုးတွက်ချက်ပြီး အခွန်ပေးဆောင်ရမည့် ပမာဏကို ဆုံးဖြတ်သည်။ ဝင်ငွေခွန်သည် အခြားအရေးပါသောအခွန်အမျိုးအစားတစ်ခုဖြစ်ပြီးအသားတင်ဝင်ငွေပေါ်မူတည်၍ လူတစ်ဦးချင်းရော၊ စီးပွားရေးလုပ်ငန်းများပါ ပေးဆောင်ရန် လိုအပ်သည်။[၂၁] လက်တွေ့တွင် ဝင်ငွေများခွန်ကောက်ခံမှုကိုလည်း ညှိနှိုင်းနိုင်သည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအတွက်သာ အခွန်ဘဏ္ဍာများ ကောက်ခံပေးသည်။

## ၂.၄။ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက်ဝန်ကြီးဌာနများနှင့် စက်မှုဇုံများ

မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍအတွက် ကဏ္ဍအလိုက်ဖွဲ့စည်းတည်ထောင်ထားသည့် အရေးပါသော ဝန်ကြီးဌာနများစွာရှိသည်။ သစ်တောနှင့် ရေလုပ်ငန်းဌာနကဲ့သို့သော ဌာနများသည် မြို့နယ်အဆင့် အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့က မည်ကဲ့သို့မျှဝေပိုင်ဆိုင်ကြကြောင်း ပြသနေသော အကောင်းဆုံးဥပမာပင်ဖြစ်သည်။ အခြားသော ဌာနဆိုင်ရာများမှာ ပြည်ထောင်စုအစိုးရတစ်ခုတည်း၏ စီမံအုပ်ချုပ်မှုအောက်တွင်သာရှိသည်။ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့်တွင် လိုင်စင်ရယူစဉ်က ကတိကဝတ်ပြုထားသော လိုက်နာစောင့်ထိန်းရမည့်အချက်များ လိုက်နာခြင်းရှိ/မရှိစောင့်ကြည့်ထိန်းသိမ်းရမည့် တာဝန်လည်းရှိသည်။[၂၂]

**သစ်တောဦးစီးဌာန** - မြန်မာနိုင်ငံ၏သစ်တောများကို စီမံအုပ်ချုပ်သည့် အဓိကအကျဆုံး အဖွဲ့အစည်းဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်တွင်ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်ဆံမှု ပုံစံအမျိုးမျိုးရှိသည်။ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းအမျိုးမျိုး ထုတ်ယူသော ကုန်ကြမ်းထုတ်သည့် စီးပွားရေးလုပ်ငန်းများနှင့်လည်းကောင်း၊ သစ်ခွဲစက်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ခွဲသားများကို ပြန်လည်ရောင်း/ဝယ်သောလုပ်ငန်းများ စသည့် ဒုတိယအဆင့် ကုန်ကြမ်းဆိုင်ရာ လုပ်ငန်းများနှင့်လည်း

---

စည်ပင်သာယာရေးအဖွဲ့များ ဝင်ငွေကို သိသိသာသာပြောင်းလဲစေပြီး အချို့အဖွဲ့များအတွက်မူ လွှဲပြောင်းငွေသည် ၎င်းတို့စုစုပေါင်းဝင်ငွေ၏ ၁% အောက်ပင် မရှိပေ။

[၁၉] ထွေအုပ်သည် မြို့နယ်အဆင့်တွင် ကြီးကြပ်ညှိနှိုင်းကြားသောအခန်းကဏ္ဍအား တာဝန်ယူထားသည့်အတွက် စီးပွားရေးလုပ်ငန်းများအနေဖြင့် အခြားဌာနဆိုင်ရာများနှင့် ဆက်စပ်ဆောင်ရွက်ခြင်းမပြုမီ ထွေအုပ်မှ ခွင့်ပြုချက်ထုတ်ပေးရလေ့ရှိသည်။

[၂၀] အထူးသဖြင့် ထုတ်လုပ်မှုကဲ့သို့သော အချို့ကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများသည် သွင်းကုန် ကုန်ကြမ်းများ၏ ကုန်ကျစရိတ်ကို ၎င်းတို့၏ ကိုယ်သွယ်လုပ်ငန်းခွန်မှ နုတ်ထားနိုင်သည်။ သို့သော် ၎င်းသွင်းကုန်များ၏ တန်ဖိုးများပါသော စာရွက်စာတမ်းများကိုလည်း တစ်ပါတည်းတင်ပြရသည်။ ထိုသို့ပြုလုပ်ရခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန်သည် အချို့စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ပိုသော အခွန်တစ်ခုဖြစ်လာနိုင်သည့်အပြင် ၎င်းအတွက်ကြောင့် ဒေသန္တရအဆင့်တွင် ညှိနှိုင်းမှုများ လုပ်ကိုင်ခြင်းဖြစ်သည်။

[၂၁] ဝင်ငွေခွန်ကောက်ခံမှုနှုန်းထားများမှာ မြင့်မားသလို လိုက်နာဆောင်ရွက်မှုလည်း အားနည်းသောကြောင့် အချို့လခစားများသည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဝင်ငွေခွန်ပေးဆောင်ခြင်း မပြုကြပေ။

[၂၂] မြန်မာနိုင်ငံအတွင်းရှိ အချို့သော လုပ်ငန်းလိုင်စင်များသည် အထူးသတ်မှတ်ချက်များဖြင့် ထုတ်ပေးခြင်းဖြစ်ပြီး မြို့နယ်အဆင့်အရာရှိများက လိုင်စင်ခံပြီး လုပ်ကိုင်နေကြသူများအပေါ် စောင့်ကြည့်စစ်ဆေးရမည့် တာဝန်ရှိသည်။ ဥပမာအားဖြင့် ဝါးထုတ်ယူခွင့်လိုင်စင်တွင် ဝါးပင်စုစုပေါင်း မည်ရွေ့မည်မျှကိုသာ ထုတ်ယူရမည်ဟု သတ်မှတ်ထားပြီး မြို့နယ်သစ်တောအရာရှိက ထိုသတ်မှတ်ချက်အတိုင်း လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးသည်။ အကယ်၍ သတ်မှတ်ချက်ထက်ပိုလွန်ပြီး ထုတ်ယူလိုပါက အပိုနှုန်းထားကို ထပ်မံပေးဆောင်ရန်လိုသည်။

ကောင်း ထိတွေ့ဆက်ဆံနေရသည်။ အခွန်အခများကောက်ခံခြင်းမှာ ဌာန၏ အရေးအကြီးဆုံး အခန်းကဏ္ဍပင်ဖြစ်သည်။[၂၃] အချို့ပစ္စည်းများကို ထုတ်လုပ်ရန် လိုင်စင်ကို ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်မှ ချထားပေးသော်လည်း အခြားဝန်ကြီးဌာနများကဲ့သို့ပင် သစ်တောဦးစီးဌာနသည်လည်း ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်[၂၄] ၏ လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရသည့် တာဝန်ရှိသည်။

သစ်များ၊ ဝါးများနှင့် အခြားသစ်တောထွက်ပစ္စည်းများ ခုတ်လှဲ ထုတ်လုပ်မှုကို မြို့နယ်သစ်တောဦးစီးဌာနမှ အရာရှိများက စောင့်ကြည့်စစ်ဆေးရသည်။[၂၅] လိုင်စင်ကြေးများကို သစ်တောအရာရှိက ကောက်ခံခြင်းမပြုဘဲ မြန်မာ့စီးပွားရေးဘဏ်သို့ သစ်ခုတ်ရာသီမစတင်မီ ပေးသွင်းထားရသည်။ ပစ္စည်းအမျိုးအစားပေါ်မူတည်ကာ ပြည်ထောင်စုသို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးသို့ ပေးဆောင်ရသည်။ ပြည်ထောင်စုအဆင့်မှ မြို့နယ်အဆင့်သို့ တိုက်ရိုက်ညွှန်ကြားခြင်းမျိုး လုံးဝမပြုလုပ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှတဆင့် သွားသည်ဟု မြို့နယ်အရာရှိများက ဆိုကြသည်။

**ငါးလုပ်ငန်းဦးစီးဌာန** - ငါးလုပ်ငန်းဦးစီးဌာနသည် ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ကုန်းတွင်း ငါးဖမ်းလုပ်ငန်းနှင့် ငါးကန်များကဲ့သို့သော ရေနေသတ္တဝါ မွေးမြူရေးလုပ်ငန်းများအပါအဝင် ငါးဖမ်းလုပ်ငန်းများအားလုံးကို စီမံအုပ်ချုပ်ရန်တာဝန်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးဖမ်းလုပ်ငန်းစဉ် အမျိုးမျိုးအတွက် ခွင့်ပြုချက်အမျိုးမျိုးနှင့် ပေးဆောင်ရန်ရှိသည်များကို ကြီးကြပ်သည်။ လိုင်စင်စနစ်သည် ဌာန၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်ပြီး လိုင်စင်စီမံခန့်ခွဲခြင်းသည်လည်း ဌာန၏ အဓိကအကျဆုံး လုပ်ငန်းတာဝန်ပင်ဖြစ်သည်။[၂၆] ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ၎င်းတို့နှင့် သက်ဆိုင်ရာဒေသရှိ နယ်နိမိတ်အတွင်း ငါးဖမ်းမှုနှင့် ကုန်းတွင်းငါးဖမ်းမှုများအပေါ် ကြီးကြပ်စီမံပိုင်ခွင့်ရှိသည်။[၂၇] ငါးလုပ်ငန်းဦးစီးဌာန၏ ဘတ်ဂျက်ကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့မှ မျှဝေကျခံရသည်။[၂၈]

**မွေးမြူရေးဌာန** - မွေးမြူရေးဌာနသည် မြို့နယ်တိုင်းလိုလိုတွင်ရှိပြီး အခြားသောဌာနဆိုင်ရာများနှင့် ယှဉ်ပါက ဝန်ဆောင်မှုပေးခြင်းကို အဓိကထားလုပ်ဆောင်သော ဌာနဖြစ်သည်။ ဌာနအရာရှိများ၏ အဆိုအရ ဌာနသည် လိုင်စင်များထုတ်ပေးခြင်း မရှိသော်လည်း တိရစ္ဆာန် မွေးမြူသူများကို မှတ်ပုံတင်သည့်စနစ်ကိုမူ ကျင့်သုံးကြောင်း သိရသည်။[၂၉] မှတ်ပုံတင်ကြေးမှာလည်း နည်းပါးသည်။

**စိုက်ပျိုးရေးဌာန** - စိုက်ပျိုးရေးဌာနသည် ကျေးလက်စီးပွားရေးကဏ္ဍတွင် အရေးပါသောနေရာ၌ရှိသော်လည်း ၎င်းတွင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်သော တာဝန်အနည်းအကျဉ်းသာရှိသည်။ သို့သော် အခြားသောဝန်ကြီးဌာနများကဲ့သို့ပင် အချို့သောစီးပွားရေး လုပ်ငန်းများကို လိုင်စင်ထုတ်ပေးနိုင်သည့် လုပ်ပိုင်ခွင့်များရှိနေသည်။

**စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန** - စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနသည် မြေစာရင်းမှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် အဓိကအကျဆုံး အစိုးရအဖွဲ့အစည်းဖြစ်သည်။ ယင်း၏ လုပ်ငန်းတာဝန်များတွင် ဖော်ပြပါတို့ပါဝင်သည်။ လယ်ယာမြေခွန်တောင်းခံလွှာများကို ပြင်ဆင်ခြင်းအားဖြင့် လယ်ယာမြေခွန်ကို စီမံခန့်ခွဲပြီးနောက် အခွန်တောင်းခံလွှာများကို ကြီးကြပ်ကောက်ခံမည့် အဖွဲ့အစည်းဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ တာတမံခွန်နှင့်ပတ်သက်သော ဘောက်ချာများကို ဆည်မြောင်းဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အတွက် ပြင်ဆင်ပေးပြီး မြို့ပြမြေအမျိုးအစားအချို့နှင့်ပတ်သက်သည့် အခွန်များကို ကောက်ခံသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဌာန၏ တာဝန်မှာ မြို့ပြဒေသများရှိ မြေယာနှင့် အဆောက်အဦများ မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းများဖြစ်သည်။

မြေယာလွှဲပြောင်းပေးမှုများကို အစိုးရအရာရှိများပါဝင်သော မြေယာအသုံးချမှု စီစစ်ရေးဘုတ်အဖွဲ့က ဆုံးဖြတ်ပေးခြင်းဖြစ်သည်။[၃၀] ထိုဘုတ်အဖွဲ့သည် မည်သည့်အခွန်များကို ပေးဆောင်ရမည် တံဆိပ်ခေါင်းခွန် မည်မျှဆောင်ရမည်စသည်တို့ကို ဆုံးဖြတ်ပြီးနောက် လွှဲပြောင်းပေးမည့် မြေယာ၏တန်ဖိုးကို ဆုံးဖြတ်ရသည်။[၃၁]

[၂၃] သစ်မာများအပေါ်ကောက်ခံသည့်အခွန် (ပြည်ထောင်စုအစိုးရထံသွားသည်)၊ ဝါးနှင့် သစ်မာ မဟုတ်သော အခြားသစ်အမျိုးအစားများအတွက် အခွန် စသည်ဖြင့်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ပရိဘောဂများ ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်၊ သစ်ထုတ်လုပ်ရေးတွင် ဆင်အသုံးပြုမှုအပေါ် ကောက်ခံသည့်အခွန် စသည်တို့ကို တာဝန်ယူကောက်ခံသည်။

[၂၄] ကျွန်းနှင့် သစ်မာများသည် ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အောက်တွင် ကျရောက်နေပြီး ဝါး၊ ထင်း၊ သစ်မာမဟုတ်သောသစ်များ၊ ဓနိနှင့် သစ်ခေါက်များ စသည့် အခြားသစ်တောထွက်ပစ္စည်းများက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ လုပ်ပိုင်ခွင့်အောက်တွင် ရှိသည်။

[၂၅] လိုင်စင်ရရှိထားသူသည် ၎င်းလိုင်စင်၏ သက်တမ်း ကုန်ဆုံးသွားပါက ခုတ်လှဲမှုကို ရပ်ဆိုင်းခြင်း သို့မဟုတ် ငွေထပ်မံပေးဆောင်ခြင်းများ ပြုလုပ်ရသည်။

[၂၆] ဌာနမှချထားပေးသော ငါးဖမ်းလိုင်စင်များတွင် ကိစ္စရပ်နှစ်မျိုး(နှင့် ၎င်းတို့နှင့် ဆက်စပ်ကိစ္စရပ်များ)အတွက် အခများပါသည်။ ၎င်းတို့မှာ ငါးဖမ်းရေယာဉ်များအတွက် လိုင်စင်နှင့် ဖမ်းဆီးရရှိလာသောငါးများကို ကမ်းသို့ပြန်လည်သယ်ယူသည့် ရေယာဉ်များအတွက် လိုင်စင်တို့ဖြစ်သည်။

[၂၇] ၎င်းလုပ်ပိုင်ခွင့်တွင် သဘာဝရေးကန်များအတွင်း ငါးမွေးမြူခွင့်လိုင်စင်၊ ကုန်းတွင်းရေများတွင် ငါးဖမ်းခွင့် လေလံ၊ ရေချိုငါးဖမ်းကိရိယာများအတွက် အခများနှင့် ရှိပြီး လူလုပ်ငါးကန်များအား လိုင်စင်ချထားပေးခြင်းတို့ပါဝင်သည်။

[၂၈] ကမ်းဝေးငါးဖမ်းလုပ်ငန်းနှင့် အခြားပြည်ထောင်စုလက်အောက်တွင်ရှိသော လုပ်ငန်းများအတွက် နေပြည်တော်မှ ဘတ်ဂျက်ချထားပေးပြီး၊ ကမ်းနီးနှင့် ပြည်နယ်/တိုင်းဒေသကြီး လုပ်ပိုင်ခွင့်အောက်တွင်ရှိသော ကုန်းတွင်းငါးဖမ်းလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှ ကျခံရသည်။

[၂၉] ဥပမာ - ကြက်တစ်ကောင်မှ အကောင် ၂၀၀ အတွင်းမွေးမြူသူများသည် တစ်နှစ်လျှင် ၅၀ ကျပ်သာ ပေးဆောင်ရပြီး ကြက်ကောင်ရေ ၁၀,၀၀၀ နှင့်အထက် မွေးမြူသူများက တစ်နှစ်လျှင် ကျပ် ၁,၀၀၀ သာ ပေးဆောင်ရသည်။

[၃၀] ဘုတ်အဖွဲ့တွင် ပြည်တွင်အခွန်များဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန သို့မဟုတ် မွေးမြူရေးဌာန (မြို့နယ်အလိုက်)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သည်။

[၃၁] အကယ်၍ သဘောမတူညီမှုများရှိခဲ့ပါက အဖွဲ့များအကြား ညှိနှိုင်းမှုများ ရှိနိုင်ပြီး နောက်ဆုံးနှုန်းထားကို ဘုတ်အဖွဲ့က သတ်မှတ်ပေးရသည်။

**အဝေးပြေးလမ်းများဌာန** - အဝေးပြေးလမ်းများဌာနသည် ပြည်ထောင်စု လမ်းမကြီးများအတွက် အဓိကတာဝန်ရှိသော အဖွဲ့အစည်းဖြစ်ပြီး မြို့နယ်အဆင့်တွင် ပုံမှန်အားဖြင့် တည်ရှိတတ်သည်။ အဝေးပြေး လမ်းများဌာနသည် ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း ၂၀၁၅/၁၆ ဘဏ္ဍာနှစ်အစတွင် ဌာနကို သီးခြားဌာနသစ်လေးခုအဖြစ် ခွဲထုတ်ခဲ့သည်။ ၎င်းတို့မှာ အဝေးပြေးလမ်းများဌာန၊ တံတားများဌာန၊ အဆောက်အဦဌာန၊ မြို့ပြနှင့် အိုးအိမ်ဌာန တို့ဖြစ်သည်။

မြို့နယ်အဆင့်တွင် အဝေးပြေးလမ်းများဌာနသည် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများက ကူညီဆောင်ရွက်ပေးခြင်းနှင့် လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီး ဆောက်လုပ်ရေးပစ္စည်းများ ဈေးပြိုင်လေလံခေါ်ယူသည့် လုပ်ငန်းစဉ်ကိုလဲ လုပ်ကိုင်သည်။ဌာနသည်ပြည်ထောင်စုအဝေးပြေးလမ်းမကြီးများအား ဘီအိုတီ (တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း) စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် လုပ်ငန်းကိုလည်း ပံ့ပိုးကူညီပေးသည်။[၃၂] ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများသည် ပြည်ထောင်စုလမ်းမများ လုပ်ပိုင်ခွင့်ပေးသည့်ကိစ္စတွင် ပါဝင်ပတ်သက်ခွင့် အနည်းငယ်သာ ရှိသော်လည်း သက်ဆိုင်ရာဒေသအတွင်း ကုမ္ပဏီများ၏ ဆောင်ရွက်ချက်များကိုမူ စောင့်ကြည့်ကွပ်ကဲခွင့် ရှိကြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန** - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး တာဝန်ရှိကာ မြို့နယ်အချို့တွင် ရုံးခွဲများတည်ရှိသည်။ လုပ်ငန်းလိုင်စင်ချထားပေးခြင်းသည် ဌာနနှင့် စီးပွားရေးလုပ်ငန်းများအကြား အဓိကကျသော ဆက်သွယ်မှုပုံစံဖြစ်သည်။ ဟိုတယ်များနှင့် တည်းခိုခန်းလိုင်စင်များ ထုတ်ပေးခြင်း၊[၃၃] ပို့ဆောင်ရေး (ကားနှင့် ရေယာဉ်များအတွက် နံပါတ်ပြား အပြာများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည်) လိုင်စင်များ၊ ဧည့်လမ်းညွှန်နှင့် ခရီးသွားကုမ္ပဏီများအတွက် လိုင်စင်များကို ထုတ်ပေးသည်။ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများမှတ်ပုံတင်ရေး ဦးစီးဌာနထံ ဦးစွာ မှတ်ပုံတင်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံတွင် လိုင်စင်လျှောက်ထားရသည်။ ဝန်ကြီးဌာနဝန်ထမ်းများက တင်ပြလာသော စာရွက်စာတမ်းများကို ထပ်မံစစ်ဆေးသည့် လုပ်ငန်းစဉ်က ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေနိုင်သည်။

**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန** - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန (DISI) သည် စက်မှုဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၁၉၉၀ခုနှစ် ပုဂ္ဂလိကလုပ်ငန်းများဥပဒေတွင် အကျုံးဝင်သော (နိုင်ငံပိုင်လုပ်ငန်းများ၊ တပ်မတော်ပိုင် ကုမ္ပဏီများနှင့် ၎င်းတို့၏ ဖက်စပ်လုပ်ငန်းများအတွက် ကင်းလွတ်ခွင့်) စက်မှုလုပ်ငန်းများ စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း တို့ကိုဆောင်ရွက်သည်။ သို့သော် အခြားဌာနဆိုင်ရာများနှင့် မတူသောအချက်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ရေးဌာနမှ လိုင်စင်များထုတ်ပေးခြင်း မရှိခြင်းဖြစ်သည်။ အကြောင်းမှာ DISI တွင် မှတ်ပုံတင်ခြင်းပြုလုပ်ရာ၌ လိုင်စင်တစ်ခါတည်းကျပြီး ဖြစ်ရန် လိုသောကြောင့်ဖြစ်သည်။ စက်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရေးတွင်လည်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနသည် အဓိက အခန်းကဏ္ဍမှ ရှိနေသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများအနေနှင့် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလိုက်နာမှုရှိစေရေးအတွက်လည်းတာဝန်ယူဆောင်ရွက်ရသည်။

**သတ္တုတွင်းဝန်ကြီးဌာန** - သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စု အဆင့်ကိုအဓိကထားသည့်ဌာနတစ်ခုဖြစ်ပြီး သတ္တုတွင်းတည်ရှိသည့် ဒေသများတွင်သာ အများအားဖြင့် တည်ရှိသည်။ ဝန်ကြီးဌာနနှင့် စီးပွားရေးလုပ်ငန်းများအကြား ထိတွေ့ဆက်ဆံမှုပုံစံ အမျိုးမျိုးရှိသည်။ အဓိကအားဖြင့်သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်နေသော ပုဂ္ဂလိက ကုမ္ပဏီများနှင့် ထုတ်လုပ်မှုကို မျှဝေခံစားမည့် စာချုပ်များ ချုပ်ဆိုခြင်းဖြစ်သည်။ ပြည်တွင်း သတ္တုတူးဖော်သော ကုမ္ပဏီများသည် ဝင်ငွေ၏ ၃၀% ကို ဝန်ကြီးဌာနသို့ပေးသွင်းရပြီး နိုင်ငံတကာ ကုမ္ပဏီများက ၃၅% ပေးသွင်းရသည်။ ဝန်ကြီးဌာနတွင် ကိုယ်တိုင် လုပ်ငန်းဆောင်ရွက်ရန် တာဝန်မရှိဘဲ စီးပွားရေးလုပ်ငန်းများကို လုပ်ပိုင်ခွင့်လိုင်စင်များ ချထားပေးခြင်း၊ ကန်ထရိုက်စာချုပ်များအတိုင်း စီးပွားရေးလုပ်ငန်းများကိုစောင့်ကြည့်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရသည်။[၃၄]

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ** - သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လက်အောက်ခံဖြစ်ပြီး ကုန်စည်နှင့် ခရီးသည်တင်ယာဉ်များကို

---

[၃၂] ပြည်ထောင်စုအဆင့် အဝေးပြေးလမ်းမကြီးများအတွက် ချထားပေးသည့် လုပ်ပိုင်ခွင့်မှာ နှစ်သုံးဆယ်သက်တမ်းရှိသည်။ ဘီအိုတီလုပ်ပိုင်ခွင့်ဟု ခေါ်ဆိုသော်လည်း ကုမ္ပဏီများသည် လမ်းအသစ်များဖောက်လုပ်ရန် မလိုအပ်ပေ။ ထိုအစား လုပ်ပိုင်ခွင့်ရရှိထားသူများသည် ရှိရင်းစွဲ လမ်းများကို ပိုမိုကောင်းမွန်အောင်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကိုသာ လုပ်ကိုင်ရသည်။

[၃၃] တည်းခိုခန်းလိုင်စင်များကို စည်ပင်သာယာရေးအဖွဲ့များမှ ထုတ်ပေးပိုင်ခွင့်ရှိသည် သို့သော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးထားသော တည်းခိုခန်းများတွင်သာ နိုင်ငံခြားသားများ တည်းခိုခွင့်ရှိသည်။

[၃၄] လုပ်ငန်းများအနေဖြင့် သတ္တုတွင်း အရွယ်အစား အကြီးအသေးအလိုက် နှင့် အခြေအနေ တစ်ခုချင်းစီအလိုက်ပေါ်တွင် သတ်မှတ်ထားသည့် လိုင်စင်ကြေးကိုလည်း ပေးဆောင်ရသည်။ ၎င်းလိုင်စင်ကြေးများကို ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့ကြိုတင်သဘောတူညှိနှိုင်းထားသည့် ထွက်ရှိနိုင်မည့်ပမာဏအပေါ်တွင် အခြေခံ ဆုံးဖြတ်ခြင်းဖြစ်သည်။ ကုမ္ပဏီသည် ထိုပမာဏအထိ တူးဖော်ရရှိခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လိုင်စင်ကြေးကို ပေးဆောင်ရသည်။ လိုင်စင်များသည် ယေဘုယျအားဖြင့် ကာလတိုဖြစ်ပြီး သုံးနှစ်ကြာမြင့်သည် သို့သော် မိုင်းအကြီးများအတွက် ပိုမိုကြာမြင့်သော စာချုပ်များ ရရှိကောင်း ရရှိနိုင်သည်။ ရွှေတူးဖော်မှုများအတွက်မူ တစ်နှစ်စာချုပ်သာ ချထားပေးသည်။

လိုင်စင်ထုတ်ပေးရန်အတွက် တာဝန်ရှိသည်။[၃၅] သယ်ယူ ပို့ဆောင်ရေး ဌာနခွဲသည်ပြည်ထောင်စုအစိုးရ၏အပြည့်အဝထိန်းချုပ်မှုအောက်တွင် ရှိသည်။[၃၆]

**ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာန** - ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာနသည် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဒေသန္တရအဆင့်တွင်ရှိနေသော အဓိက အစိတ်အပိုင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် မြို့နယ်အဆင့်၌ အရာရှိများ ရှိသည်။[၃၇] ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်မူ ဌာနသည် ပြည်နယ်/ တိုင်းဒေသကြီး အချင်းချင်းကြား ကုန်စည်စီးဆင်းမှုကို စောင့်ကြည့် တိုင်းတာသည်။ တစ်လလျှင် နှစ်ကြိမ် စောင့်ကြည့် တိုင်းတာလေ့ရှိပြီး ယင်းသို့ပြုလုပ်ရန် အဓိကတွန်းအားမှာ အစိုးရ၏ စားနပ်ရိက္ခာဖူလုံရေး ကို ပူပန်မှုကြောင့်ဖြစ်သည်။

**စက်မှုဇုံများ** - စက်မှုဇုံများကို အစိုးရကော ပုဂ္ဂလိကကဏ္ဍပါ ပါဝင် သည့် ဗျူရိုကရေစီအဆင့်ဆင့်ဖြင့် စီမံအုပ်ချုပ်ပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနရုံး၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးဌာနရုံးအောက်ရှိ စက်မှုဇုံ တစ်ခုချင်းစီ၌ ဇုံကိုကြီးကြပ်သော စက်မှုဇုံကွပ်ကဲရေးကော်မတီနှင့် လက်တွေ့လုပ်ငန်း တာဝန်ယူဆောင်ရွက်သော စက်မှုဇုံစီမံခန့်ခွဲရေး ကော်မတီ[၃၈] တို့ ရှိကြသည်။ ဇုံများသည် လုပ်ငန်းလည်ပတ်ခွင့်လိုင်စင် များကိုလည်း ချပေးပြီး ၎င်းမှ လိုင်စင်ကြေးများကိုလည်း ကောက်ခံ သည်။ စက်မှုဇုံများသည် ဇုံပြင်ပမှ ဝင်ငွေများရရှိခြင်း မရှိသောကြောင့် ဇုံအများအပြားတွင် ရန်ပုံငွေ ရှားပါးပြတ်လပ်မှုဖြင့် ကြုံနေရလေ့ရှိ သည်။ စက်မှုဇုံများအတွင်းတွင် ဇုံစီမံခန့်ခွဲမှု ကော်မတီများသည် စည်ပင်သာယာရေးအဖွဲ့များနှင့် အလားသဏ္ဍာန်တူသည်။

---

[၃၅] ထိုအထဲတွင် အငှားယာဉ်များနှင့် ဘတ်စ်ကားများ စသည့် ဒေသတွင်း ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများ ပါဝင်သလို မြို့တွင်းပို့ဆောင်ရေးလုပ်ငန်းများလည်း ပါဝင်သည်။
[၃၆] သို့သော် လိုင်စင်များသည် ချပေးထားသော ပြည်နယ်/တိုင်းဒေသကြီးအတွင်းတွင်သာ အကျုံးဝင်သည်။ ထို့ကြောင့် မတူညီသော ပြည်နယ်/တိုင်းဒေသကြီးများအကြား ခရီးသည်အတင်အချပြုလုပ်လိုသော ဘတ်စ်ကားများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတိုင်းတွင် ပြည်သူ့ပို့ဆောင်ရေးလိုင်စင် ရယူရန် လိုအပ်သည်။
[၃၇] မြို့နယ်အဆင့်တွင် ဌာန၏ အဓိကလုပ်ငန်းတာဝန်မှာ ဆန်စပါး၊ ပဲ၊ ပြောင်း နှင့် နှမ်း စသည့် ထွက်ကုန်တို့နှင့်ဆိုင်သော သတင်းအချက်အလက်ကောက်ယူရန်ဖြစ်သည်။ စပါးသည် အကြီးအကဲများမေးလေ့ရှိသော အကြောင်းအရာများ ထိပ်ဆုံး၌ရှိသလို ဌာနအတွက်လည်း အရေးအကြီးဆုံးဖြစ်သဖြင့် ၎င်းကို အဓိကဦးစားပေးသည်။
[၃၈] စက်မှုဇုံစီမံခန့်ခွဲရေးကော်မတီတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနစ်ရပ်လုံးပါဝင်သည်။ ၂၀၁၄ ခုနှစ်မတိုင်မီကမူ အစိုးရတစ်ခုတည်း ပါဝင်သည်။

## သုံး။ ။ ဒေသတွင်းအခွန်ဝင်ငွေများ၏ ဖွဲ့စည်းမှုပုံစံ

ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်များတွင် စီးပွားရေး လုပ်ငန်းများအပေါ် စီမံအုပ်ချုပ်မှုမှာ အဓိကအားဖြင့် "ခွင့်ပြုချက်အတွက် အခွန်အခ" တောင်းခံသည့် ပုံစံသာဖြစ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုခု ဆောင်ရွက်နိုင်ရေး ခွင့်ပြုချက်ရရန်အတွက် လိုင်စင်ကြေးငွေများကို ကြိုတင်ပေးချေရလေ့ရှိသည်။ ထိုစနစ်ကြောင့် အကျယ်အပြန့်ကောက်ခံပြီး တိုးတက်မှုမရှိသည့် အခွန်ဘဏ္ဍာများအပေါ် အကျိုးသက်ရောက်မှုများ ရှိနိုင်သလို မရည်ရွယ်သော ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။[၃၉] တိုင်းဒေသကြီး/ပြည်နယ်အောက်တွင် အကျယ်အပြန့်ကောက်ခံသော မြေခွန်နှင့် အဆောက်အဦခွန်ကဲ့သို့ အခွန်တစ်ချို့ရှိသော်လည်း ထိုတိုက်ရိုက်ခွန်များ၏ အချိုးအစားမှာ စုစုပေါင်းဒေသဝင်ငွေ၏ အလွန်နည်းပါးသောအချိုးအစားသာရှိသည်။ ထိုသို့ အသုံးပြုခ နှင့် သွယ်ဝိုက်ခွန်များ ရောနှောထားသော အစိုးရဝင်ငွေ ရှာဖွေစုဆောင်းသည့်စနစ်သည် ဟန်ချက်ပျက်ယွင်းမှုများစွာကို ဖန်တီးပေးလျက်ရှိပြီး လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်များအပေါ်တွင် ကြောင်းကျိုးတကျ၊ တသမတ်တည်းမဟုတ်သည့်၊ မညီမျှသော အခွန်ဝန်ထုပ်ဝန်ပိုးများကို ဖြစ်စေသည်။[၄၀] စီးပွားရေးကဏ္ဍတစ်ခုတွင် စတင်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက်ကျော်လွှားရမည့်အတားအဆီးများကို မြှင့်တင်ထားခြင်းအားဖြင့်လည်း သက်ဆိုင်ရာ စီးပွားရေးကဏ္ဍအသက်ဝင်လှုပ်ရှားမှုကို အားပေးရာမရောက်ဘဲ ယင်းတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီ၊ လုပ်ငန်းများ အမျိုးအစားစုံလင်မှုကိုပါ ကန့်သတ်တားဆီးထားရာရောက်သည်။

### ၃.၁။ အသုံးပြုခနှင့် ဝန်ဆောင်မှုပေးခြင်းအတွက် ကုန်ကျစရိတ်များ

အသုံးပြုခများသည် ဒေသန္တရအဆင့်တွင် အတွေ့ရများပြီး သုံးစွဲသူသာ ပေးဆောင်ရန်လိုသော်လည်း ၎င်းတို့အနက် အများစုမှာ သက်ဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် ကုန်သည့်ကုန်ကျစရိတ်နှင့် ဆက်စပ်မှု မရှိသလောက် ဖြစ်နေတတ်သည်။ လိုင်စင်တစ်ခုထုတ်ပေးရာတွင် အစိုးရက ကုန်ကျသည့်စရိတ်နှင့် လိုင်စင်ထုတ်ပေးခြင်းမှရသော ဝင်ငွေအကြားအဆက်အစပ်မရှိသည့်အထောက်အထားနှစ်ခုရှိသည်။ ပထမအချက်မှာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်း အကြီးအသေးကိုလိုက်ပြီး ကွဲပြားမှု များများစားစားမရှိသည့်အတွက် လုပ်ငန်းငယ်များနှင့် လုပ်ငန်းကြီးများကြားတွင် လိုင်စင်ထုတ်ပေးရသည့်စရိတ် အကြီးအကျယ်ကွာခြားနေစရာ မလိုပါ။ ဒုတိယအထောက်အထားမှာ မြို့နယ်အချင်းချင်းကြားရှိ ကွာဟချက်ဖြစ်သည်။ ထိုအခြင်းအရာက လိုင်စင်ကြေးများသည် အမှန်တကယ် ကုန်ကျစရိတ်နှင့်ဆက်စပ်ခြင်းမရှိသော်လည်းဝင်ငွေအရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုနေကြောင်း ထပ်မံပြသနေသည်။

### ၃.၂။ အခွန်များ

အထင်ရှားဆုံး အခွန်ပုံစံနှစ်မျိုးမှာ မြေခွန်နှင့် အဆောက်အဦခွန် တို့ဖြစ်ကြသည်။ အခြားနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံတွင် ထိုအခွန်နှစ်မျိုးစလုံး၏ နှုန်းထားများမှာနိမ့်ကျပြီး ဒေသန္တရအဆင့်တွင် ကောက်ခံရရှိသော စုစုပေါင်းဝင်ငွေ၏ အလွန်နည်းပါးသော အချိုးအစားကိုသာ ကိုယ်စားပြုသည်။ ထို့အပြင် လက်ရှိစနစ်နှင့် ကောက်ခံမှုပုံစံတို့တွင်လည်း ကြီးမားသော ချို့ယွင်းချက်များရှိနေသည်။

**မြေခွန်** - မြန်မာနိုင်ငံရှိ မြေခွန်များမှာ များသောအားဖြင့် နိမ့်ကျလေ့ရှိသည်။[၄၁] တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ လျှို့ဝှက်အပ်သော ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို အခြေခံ၍ ကောက်ယူရသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များနှင့် မတူညီသောအချက်မှာ မြေခွန်သည် အလွယ်တကူ တိုင်းတာသတ်မှတ်နိုင်သော သဘောရှိခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သက်ဆိုင်ရာရပ်ရွာတစ်ခု၌ မည်သူက မြေပိုင်ဆိုင်သည်ကိုလည်း များသောအားဖြင့် သိထားကြပြီးဖြစ်သည်။ သို့သော် မြေခွန်တိုးမြှင့်ခြင်းအတွက် စိန်ခေါ်မှုမှာ မြေခွန်တိုးမြှင့်ခြင်းသည် ဆင်းရဲသားများနှင့် လယ်သမားများကို ထိခိုက်နစ်နာစေသည်ဟူသော နိုင်ငံရေးထင်မြင်ယူဆချက်ဖြစ်သည်။ ၎င်းကို ဖြေရှင်းရန်နည်းလမ်းတစ်ခုမှာ အနိမ့်ဆုံးအကျယ်အဝန်း ပမာဏတစ်ခုကို သတ်မှတ်ထားပြီး ယင်းထက်ပိုမိုမှသာ တိုးမြှင့်သင့်ပြီး သတ်မှတ်ဧကအောက် လျော့နည်းသော လယ်မြေများကို ကင်းလွတ်ခွင့်အဖြစ် သတ်မှတ်ပေးသင့်သည်။

[၃၉] အကျယ်အပြန့်ကောက်ခံသော အခွန်ဘဏ္ဍာဆိုသည်မှာ လူဦးရေ ရာခိုင်နှုန်းအတော်များများက ပေးဆောင်ခြင်းမျိုးကို ဆိုလိုသည်။ တိုးတက်မှုမရှိသည့် သဘောတရားမှာ စုစုပေါင်းဝင်ငွေတိုးတက်လာသော်လည်း ဝင်ငွေမှပေးဆောင်နေသည့် ရာခိုင်နှုန်း နိမ့်ကျသွားခြင်းကို ဆိုလိုသည်။ ထိုအခြင်းအရာသည် အခွန်ထမ်းမှပေးဆောင်သော စုစုပေါင်းပမာဏကို ရည်ညွှန်းခြင်းမဟုတ်ပဲ စုစုပေါင်းဝင်ငွေမှပေးဆောင်သော ရာခိုင်နှုန်းကို ဆိုလိုကြောင်း ရှင်းလင်းစွာသိထားရန်လိုသည်။ အခြားတစ်ဖက်တွင်မူ စုစုပေါင်းဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ဝင်ငွေပေးဆောင်မှုရာခိုင်နှုန်း မြင့်တက်လာခြင်းကို တိုးတက်မှုရှိသော အခွန်ဘဏ္ဍာဟုခေါ်သည်။

[၄၀] မြန်မာနိုင်ငံအစိုးရများအတွက် အခွန်နှင့် အခများမှာ အချင်းချင်းဆက်စပ်နေပြီး တွဲဆက်၍သုံးစွဲသော ဝေါဟာရနှစ်ခု ဖြစ်လေ့ရှိသော်လည်း အမှန်စင်စစ်တွင်မူ ၎င်းတို့နှစ်မျိုးမှာ အခြေခံကျကျကွဲလွဲနေသော ဝေါဟာရများဖြစ်သည်။ ထို့ကြောင့် တွဲစပ်သုံးစွဲနေသော 'အခွန်အခများ' ဆိုသည့် အသုံးကို ပြန်လည်ခွဲထုတ်ရန်လိုပြီး ယင်းသည် 'အစိုးရဝင်ငွေ' နှင့် ဖလှယ်သုံးစွဲရုံသက်သက်ဖြစ်သော အသုံးတစ်ခု မဟုတ်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ အခွန်သည် အခကြေးငွေများနှင့် သဘာဝမတူဘဲ မပေးမနေရ ပေးဆောင်ရသည့်သဘောရှိပြီး ဝန်ဆောင်မှုများနှင့်လည်း တိုက်ရိုက်ဆက်စပ်မှုမရှိပါ။ ၎င်းတို့နှစ်မျိုးကို ယေဘုယျအားဖြင့် အောက်ပါ ဝိသေသလက္ခဏာသုံးမျိုးအားဖြင့် ခွဲခြားနိုင်သည်။ "(၁) အသုံးပြုခသည် (အစိုးရ၏ဝန်ဆောင်မှု သို့မဟုတ်) ထိန်းသိမ်းကြပ်မတ်မှု လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို ကာမိစေရန် တောင်းခံခြင်းဖြစ်ပြီး အခွန်မှာမူ တိုင်းပြည်၏ အထွေထွေသုံးဝင်ငွေ ရရှိရန် ကောက်ခံခြင်းဖြစ်သည်၊ (၂) စစ်မှန်သော အသုံးပြုခသည် ထိုဝန်ဆောင်မှုပေးဆောင်ရာတွင် မဖြစ်မနေ ကုန်ကျသောစရိတ်နှင့် အချိုးညီမျှပြီး၊ အခွန်မှာမူ ထိုသို့ ဟုတ်ချင်မှ ဟုတ်မည်ဖြစ်သည်၊ (၃) အသုံးပြုခသည် အသုံးပြုလိုမှသာ ပေးဆောင်ရန်လိုခြင်းဖြစ်ပြီး အခွန်မှာမူ မဖြစ်မနေပေးဆောင်ရသည်။" ထိုခွဲခြားသတ်မှတ်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ဒေသန္တရအဆင့်ဝင်ငွေ၏ အချိုးအစားအများစုကို အသုံးပြုခငွေများမှနေ၍ ကောက်ခံနေခြင်းကြောင့် ဖြစ်သည်။ အချို့သောအသုံးပြုခများမှာ အခ ဟုခေါ်သော်လည်း အမှန်စင်စစ် အစိုးရဝင်ငွေ ရရှိရန်အတွက် ကောက်ခံသော အခွန်များသာ ဖြစ်နေလေ့ရှိသည်။ မီချီဂန်တရားလွှတ်တော်ချုပ်၊ Foudation of Economic Education မှ ကောက်နှုတ်ချက်၊ 'အခွန်သည် ဝန်ဆောင်မှုအသုံးပြုခ မဟုတ်ပါ' http://fee.org/freeman/a-tax-is-not-a-user-fee/.

[၄၁] ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် မြေခွန်ကို ပြည်နယ်/တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်အဖြစ် ခွဲဝေပေးထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအများအပြားတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှသာ သိသိသာသာ တိုးမြှင့်ကောက်ခံလာသည်။

**အိုးအိမ်ပိုင်ဆိုင်မှုအခွန် -** အိုးအိမ်ခွန်များကို စည်ပင်သာယာရေးအဖွဲ့များက ကောက်ခံပြီး မြို့နယ်အများစုဝင်ငွေ၏ သေးငယ်သော အစိတ်အပိုင်းအဖြစ်သာပါဝင်သည်။ အိုးအိမ်ပိုင်ဆိုင်မှုခွန်ဆိုသည်မှာ ပိုင်ဆိုင်မှုနှင့်ဆက်စပ်သော ပစ္စည်းခွန်လေးမျိုးဖြစ်သည့် အဆောက်အဦခွန်၊ အမှိုက်ခွန်၊ ရေခွန်နှင့် (ရှိပါက) လမ်းမီးခွန်တို့ကို ပေါင်းပြီး ခေါ်ဝေါ်ခြင်းဖြစ်သည်။ အိုးအိမ်ခွန်များကို တိုးမြှင့်ခြင်းနှင့် အခွန်စနစ်ကို ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများသည် သီအိုရီအရ ဆိုလျှင် အလွန်ရှင်းလင်းမြင်သာသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင်မူ စိန်ခေါ်မှု အများအပြား ကြုံရနိုင်သည်။ အဆောက်အဦခွန်များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများကိုလိုက်ပြီး တစ်နေရာနှင့်တစ်နေရာ မတူညီကြပေ။ သို့သော် ယေဘုယျအားဖြင့် ပုံသေငှားခ၏ ၁၀% ကို တန်းတူသတ်မှတ်ထားသည်ကို တွေ့ရသည်။ ထိုနှုန်းထားများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းဖြစ်သောကြောင့် နှုန်းထားကိုပြင်ဆင်လိုပါက သက်ဆိုင်ရာလွှတ်တော်က အတည်ပြုပေးရန်လိုသည်။ သို့သော် အချို့စည်ပင်သာယာရေးအဖွဲ့များသည် အဆောက်အဦများကို အမျိုးအစားများခွဲပြီး အမျိုးအစားတစ်ခုချင်းစီအတွက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများ ပြန်လည်သတ်မှတ်ကြသည်လည်းရှိသည်။ ထိုသို့ပြုလုပ်ခြင်းက ပေးဆောင်ရန်ရှိသည့် အိုးအိမ်ခွန်အတိုင်းမဖြစ်တော့ဘဲ သတ်မှတ်ထားသည့် အမြင့်ဆုံးနှုန်းကိုသာ ပေးဆောင်ရန်လိုသည့် အခြေအနေကို မရည်ရွယ်ဘဲ ဖန်တီးမိရက်သားဖြစ်သွားသည်။ ဥပဒေကို အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများရှိခြင်း၊ သေချာရေးဆွဲထားသည့် နည်းဗျူဟာမရှိခြင်း စသည့်ပြဿနာများကြောင့် အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်းသည် အိုးအိမ်ခွန်နှင့်ပတ်သက်သည့် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်။[၄၂] ထို့အပြင် အိုးအိမ်ခွန်များကို ကောက်ခံသည့် စည်ပင်သာယာရေးအဖွဲ့များသည် ဥပဒေအတိုင်း အကောင်အထည်ဖော်ရာတွင်မူ အခြားသော ဌာနဆိုင်ရာများကို အားကိုးရပြီး ဌာနချင်း ပူးပေါင်းဆောင်ရွက်မှုက အခရာကျသည်။ အိုးအိမ်ခွန်များပေးဆောင်ရန်ပျက်ကွက်ကြောင်းကို မြို့နယ်စည်ပင်အရာရှိက ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ရုံးသို့ တင်ပြပြီး ယင်းမှတဆင့် မြို့နယ်ရုံးသို့ ဝရမ်းနှင့် ဆင်ဆင်တူသည့် 'သိမ်းဆည်းခွင့်အာဏာ (collector power)' ကို ပေးအပ်သည်။ ထိုအာဏာကို ကျင့်သုံးပြီး အခွန်ကြွေးကျန် ကာမိစေရန်အတွက် အဆောက်အဦကို သိမ်းဆည်းခြင်း၊ လေလံတင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

ထိုသို့လက်တွေ့ကျင့်သုံးခြင်းနှင့်ဥပဒေအသက်ဝင်အောင်လုပ်ခြင်းများတွင် အားနည်းချက်များရှိသည့်အပြင် အဆောက်အဦပိုင်ရှင်များအတွက်လည်း အချိန်မီ အခွန်ပေးဆောင်ရန် တွန်းအားပေးမည့် မက်လုံးတစ်စုံတစ်ရာမရှိပါ။ နောက်ကျပေးဆောင်မှုများအတွက် ဒဏ်ကြေး သို့မဟုတ် ရက်လွန်ကြေး သတ်မှတ်ထားခြင်းမျိုးလည်း မရှိကြောင်း စည်ပင်အရာရှိများက ဆိုကြသည်။ ယင်းသည် အချိန်မီပေးဆောင်ခြင်းကို အားမပေးသည့်အပြင် အစိုးရက အတိုးမဲ့ချေးငွေပေးထားရသည့် သဘောလည်း သက်ရောက်သွားသည်။

## ၃.၃။ သွယ်ဝိုက်ခွန် နှင့် အခြားကိစ္စများ

မြန်မာနိုင်ငံတွင် သွယ်ဝိုက်ခွန်ပုံစံဆောင်သော သုံးစွဲခ အများအပြားရှိသည်။ ထင်ရှားသော ဥပမာတစ်ခုမှာ လေလံလိုင်စင်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများက ငွေပမာဏအများအပြား ပေးဆောင်ရန်လိုပြီး ထိုငွေပမာဏသည် လိုင်စင်ထုတ်ပေးရန်အတွက် အစိုးရကကုန်ကျသော စရိတ်နှင့် အချိုးမကျပေ။ စီးပွားရေးလုပ်ငန်းများက ပေးဆောင်ခဲ့သော လိုင်စင်ကြေးငွေကို စားသုံးသူများထံမှ ပြန်လည်ရယူသော်လည်း လက်တွေ့သက်ရောက်မှုအရ ဈေးပြိုင်လိုင်စင်စနစ်သည် သွယ်ဝိုက်ခွန်အမျိုးအစားကို ဖန်တီးခြင်းပင်ဖြစ်သည်။

**မြို့ပြဒေသတွင်သာ ဝင်ငွေခွန်များကို အဓိကကောက်ခံရရှိခြင်း -** စည်ပင်သာယာရေးအဖွဲ့များ၏ အချို့သောဝင်ငွေများကို ပြည်တွင်းအခွန်မှတစ်ဆင့် လွှဲပြောင်းရရှိခြင်းဖြစ်သည်။[၄၃] ဘတ်ဂျက်ကိန်းဂဏန်းများကို လေ့လာကြည့်သောအခါ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လက်ခံရရှိသော ဝင်ငွေခွန်လွှဲပြောင်းပေးငွေသည် ယင်းမြို့နယ်မှ ပေးဆောင်လိုက်သော ဝင်ငွေခွန်အချိုးနှင့် ညီမျှနေသဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဝင်ငွေခွန် ပြန်လည်ခွဲဝေမှုမရှိဟု ကောက်ချက်ချနိုင်သည်။ ထိုစနစ်၏ အကျိုးဆက်အနေနှင့် အခွန်ဝင်ငွေများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတွင် အချမ်းသာဆုံးဖြစ်သော မြို့တော်များ ဖွံ့ဖြိုးရေးအတွက် အဓိကပြန်လည်သုံးစွဲသလို ဖြစ်စေသည်။ မြန်မာနိုင်ငံတွင် ဝင်ငွေခွန်ဆောင်သူ အလွန်အမင်းနည်းပါးသည့် အချက်ကလည်း ယင်းကိုဖြစ်စေသည်။ မြန်မာနိုင်ငံရှိ ဝင်ငွေခွန်အများစုသည် ပြည်ထောင်စုအစိုးရမှ လစာပေးသော အစိုးရအမှုထမ်းများထံမှ ကောက်ခံရရှိပြီး တဖန် အစိုးရဝန်ထမ်းအများစု အခြေစိုက်နေထိုင်ရာ ယင်းမြို့တော်များ၏ ဖွံ့ဖြိုးရေးအတွက်သာ ပြန်လည်အသုံးချသည့် စက်ဝန်းပုံစံကို ဖြစ်ပေါ်စေသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း မျှတစွာ ပြန်လည်ခွဲဝေခြင်းမျိုး မရှိပေ။

**စည်ပင်သာယာရေးအဖွဲ့ ဝင်ငွေများကို ကျေးလက်မှ မြို့ပြသို့ လွှဲပြောင်းပေးခြင်း -** မကြာသေးမီကဆောင်ရွက်နေသော အစိုးရပြန်လည်ဖွဲ့စည်းမှုတွင် ဝန်ကြီးဌာနများအကြား လုပ်ပိုင်ခွင့်များကို ပြန်လည်ခွဲဝေမှုများပြုရာတွင် မရည်ရွယ်ဘဲ ကျေးလက်မှ မြို့ပြသို့ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများ ပြောင်းပြန်စီးဆင်းမှုဖြစ်စဉ် ဖြစ်ပွားစေခဲ့သည်။ လက်ရှိတွင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြရော ကျေးလက်ဒေသတွင်ပါ စီးပွားရေးလုပ်ငန်းလိုင်စင်များ ထုတ်ပေးရန် အခွင့်အာဏာရှိပြီး ယင်းမှတစ်ဆင့် အခွန်ဘဏ္ဍာငွေများ ကောက်ခံရရှိသည်။ ထို့အပြင် မြို့ပြရော ကျေးလက်ဒေသတွင်ပါ

[၄၂] လူအများက ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းပေါ်တွင် အခွန်ပေးဆောင်ရန်မလိုဟု ထင်မြင်ကြကြောင်း စည်ပင်သာယာရေးအဖွဲ့များက ပြောပြသည်။

[၄၃] ၎င်းကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စီမံခန့်ခွဲသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြည်တွင်းအခွန်များဦးစီးဌာနက ပြည်နယ်/တိုင်းဒေသကြီးအဆင့်

ဈေးပြိုင်လေလံများကို စီမံခန့်ခွဲပြီး လေလံခများကိုလည်း ရယူသည်။ ထိုအသုံးပြုခငွေများနှင့် သွယ်ဝိုက်ခွန်များမှာ စည်ပင်သာရေးအဖွဲ့များ အတွက် အရေးကြီးသော ဝင်ငွေအရင်းအမြစ်များဖြစ်သည်။ သို့ရာတွင် ကျေးလက်လမ်းများ၊ တံတားငယ်များ၊ ကျေးလက်ရေအရင်းအမြစ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့သော ကျေးလက်ဒေသအတွက် စည်ပင်သာယာရေးအဖွဲ့များတာဝန်ယူခဲ့သော လုပ်ငန်းရပ်အများအပြားကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်လွှဲပြောင်းရယူလိုက်သည်။ အကျိုးဆက်အဖြစ် ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များထံမှ အခွန်ကို သက်ဆိုင်ရာ ကျေးလက်ရပ်ရွာဒေသများဖွံ့ဖြိုးရေးတွင်ပြန်လည်အသုံးချလုပ်ပိုင်ခွင့် မရှိတော့သော အဖွဲ့အစည်းများ (စည်ပင်အဖွဲ့များ) စီးဆင်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအချက်သည် (ယေဘုယျအားဖြင့် ဆင်းရဲသော) ကျေးလက်ဒေသများမှ အခွန်ဘဏ္ဍာများကို (ယေဘုယျအားဖြင့် ပိုမိုချမ်းသာကြွယ်ဝသော) မြို့ပြဒေသများသို့ လွှဲပြောင်းနေခြင်းပင်ဖြစ်သည်။

**ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ကောက်ခံရာတွင် ကြုံရသော အခက်အခဲများ** - ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များသည် မြန်မာနိုင်ငံတွင် ပမာဏအတော်အတန်ကြီးမားသည့် အရေးပါသော အခွန်အမျိုးအစားများ ဖြစ်သည်။ ထိုအခွန်အများစုကို ပြည်ထောင်စု မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများမှတစ်ဆင့် ကောက်ခံသည်။ ထိုအခွန်များ ကောက်ခံမှုပုံစံတွင် နည်းမမှန်ခြင်း၊ စံသတ်မှတ်မှုအတိုင်း မဟုတ်ခြင်းနှင့် တာဝန်ခံယူမှု အားနည်းခြင်းစသော ပြဿနာများရှိသည်။ ထိုပြဿနာများ အားလုံး၏ အဓိကဇစ်မြစ်မှာ ရာစုနှစ် တစ်ဝက်ကျော်ကြာ အမြစ်စွဲနေသည့် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအကြား အပြန်အလှန်ယုံကြည်မှု ကင်းမဲ့ခြင်းပင်ဖြစ်သည်။[99] အခွန်ကောက်ခံခြင်း၊ လိုင်စင်ချထားပေးခြင်း၊ အခြားသော စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအကြား ထိတွေ့ဆက်ဆံမှုပုံစံများမှာ စံသတ်မှတ်ချက်မရှိဘဲ ကြုံသလိုဆောင်ရွက်ခြင်းဖြစ်ကာ မျှတမှုမရှိဟု စီးပွားရေးလုပ်ငန်းရှင်များဘက်မှ မကြာခဏဆိုသလို ရှုမြင်ကြလေ့ရှိသည်။ ထိုသမိုင်းကြောင်းနောက်ခံရှိသောကြောင့် စီးပွားရေးလုပ်ငန်းများသည် အခွန်နှင့်ပတ်သက်လျှင် ဖြောင့်မတ်မှုမရှိကြဟု အခွန်အရာရှိများကဆိုသည်။ ထို့ကြောင့် အခွန်အရာရှိများသည် ကျသင့်အခွန်ငွေကိုတွက်ချက်နိုင်ရန် နည်းလမ်းပေါင်းစုံကို အသုံးပြုလေ့ရှိကြသည်။ နောက်ဆုံးရလဒ်အနေနှင့် ပြည်တွင်းအခွန်ဌာနက မိမိပေးဆောင်ရမည့်အခွန်ကို မိမိဖာသာဆုံးဖြတ်စေသည့်စနစ်ကို အားပေးထောက်ခံသော်လည်း ကွင်းဆင်းအရာရှိများက ထိုစနစ်ကို လွှမ်းမိုးဆုံးဖြတ်နိုင်ကြသည်။ ထိုစနစ်တွင် အပြန်အလှန်ညှိနှိုင်းနိုင်သော နေရာများစွာရှိနေသည်။ သို့တိုင်အောင် စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့ပေးဆောင်ရမည့် အခွန်သည်များပြားလွန်းနေသည်ဟု ယူဆပြီး ဆိုင်အရွယ်အစားအလိုက် အခွန်နှုန်းထားသစ်တစ်ခုကို အခွန်ဌာနနှင့် ညှိနှိုင်းသတ်မှတ်ကြသည်။

**တံဆိပ်ခေါင်းခွန်** - တံဆိပ်ခေါင်းခွန်သည်ပြည်တွင်းအခွန်များဦးစီးဌာနအတွက် ပုံမှန်ဝင်ငွေတစ်မျိုးပင်ဖြစ်သည်။ စာရွက်စာတမ်းပေါင်း များစွာတို့ကို တရားဝင်ဖြစ်စေရေးတွင် အခွန်တံဆိပ်ခေါင်းများကို သုံးရန်လိုသည်။ အထက်တွင်ဆွေးနွေးထားသော အခွန်အမျိုးအစားများနည်းတူ ကန်ထရိုက်စာချုပ်ကဲ့သို့သော ကိစ္စများတွင် သုံးရမည့် အခွန်တံဆိပ်ခေါင်း၏ ဈေးနှုန်းကို မြို့နယ်အခွန်အရာရှိဦးဆောင်သော ဘုတ်အဖွဲ့က ဆုံးဖြတ်သည်။

[99] ၁၉၆၂ မှ ၁၉၈၈ အထိ မြန်မာနိုင်ငံ၏ ဆိုရှယ်လစ်ခေတ်ကာလအတွင်းတွင် စီးပွားရေးလုပ်ငန်းအများစုမှာ တရားဝင်မှုမရှိပေ။ လူအများစုသည် ဖမ်းဆီးခံရခြင်း၊ ထို့ထက်ဆိုးသော အခြေအနေများနှင့် တွေ့ကြုံခြင်းမှ ရှောင်ရှားရန်အတွက် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို သိုဝှက်ထားကြသည်။

## လေး။ ။ ဈေးပြိုင် လေလံလိုင်စင်များ

အချို့စီးပွားရေးကဏ္ဍများရှိ ဈေးပြိုင်လေလံလိုင်စင်များသည် အစိုးရဌာနများနှင့် အဖွဲ့အစည်းအများအပြား၊ အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်နယ်/တိုင်းဒေသကြီးအများအပြားတို့သည် ဥပဒေများကိုပြဋ္ဌာန်းပြီး လက်ဝါးကြီးအုပ်မှုနှင့် ဈေးကွက်ကြီးစိုးမှုပုံစံများကို ဖန်တီးယူနေကြသည်။ ထိုနောက် လက်ဝါးကြီးအုပ် စီးပွားရေးလုပ်ငန်းများကို လေလံလိုင်စင်များမှတစ်ဆင့် လုပ်ပိုင်ခွင့်များချထားပေးပြီး ထိုမှရရှိသော အကျိုးအမြတ်အချို့ကို အစိုးရအနေနှင့် ပြန်လည်ရယူသည့် ပုံစံဖြစ်သည်။ စားသုံးသူ သို့မဟုတ် ထုတ်လုပ်/ပေးသွင်းသူတို့က ၄င်းသွယ်ဝိုက်ခွန်စနစ်၏ ဝန်များကို ယူရသည်။ အချို့အခြေအနေများတွင် သွယ်ဝိုက်ခွန်များသည် ဈေးကွက်၏ ဝိသေသလက္ခဏာများကို ပျောက်ကွယ်စေပြီး ရွေးချယ်ထားသောကဏ္ဍများတွင် ကြံ့ရှုယ်စီးစဉ်သည့်စနစ် ဖြစ်ပေါ်လာစေသည်။ မည်သို့ပင်ဆိုစေကာမူ ဒေသအဆင့် လိုင်စင်ချထားပေးခြင်းအား စမ်းသပ်ကြိုးပမ်းမှုများသည် ဈေးပြိုင်လေလံလိုင်စင်စနစ်တွင် ဖြစ်ပေါ်နေခြင်းပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ လုပ်ပိုင်ခွင့်ဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းက ထိုသို့ပြုလုပ်နိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။

### ၄.၁။ ဈေးပြိုင်လေလံလုပ်ငန်းစဉ်

ဈေးပြိုင်လေလံစနစ်သည် မြန်မာတစ်နိုင်ငံလုံးတွင် တွင်ကျယ်စွာကျင့်သုံးသော စနစ်ဖြစ်သော်လည်း တစ်နေရာနှင့်တစ်နေရာ လုပ်ကိုင်ဆောင်ရွက်ပုံကွာခြားသည်။ အဘယ့်ကြောင့်ဆိုသော် လေလံကြီးကြပ်သည့် စည်ပင်သာယာရေးအဖွဲ့များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ကွပ်ကဲနေသောကြောင့်ဖြစ်သည်။ ယေဘုယျအားဖြင့် ဈေးပြိုင်လေလံများကို အများသိစေရန် ကြေညာလေ့ရှိပြီး လူတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း လေလံအောင်သူသည် လိုင်စင်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရသည်။ အချို့သောမြို့နယ်များရှိ ဈေးပြိုင်လေလံများတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ပေးသော ကြမ်းခင်းဈေးရှိပြီး ယင်းကိုကြိုတင်ကြေညာသည်။[၄၅] လေလံအောင်သူသည် လိုင်စင်အတွက် စပေါ်ငွေကို လေလံအောင်သည့်နေ့၌ပင် ပေးချေရန်လိုအပ်သည်။[၄၆]

### ၄.၂။ သားသတ်လုပ်ငန်းလိုင်စင်များ

သားသတ်လိုင်စင်များသည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လိုင်စင်များအနက် အရေးအကြီးဆုံးဖြစ်ပြီး အကျိုးအမြတ်လည်းကြီးမားသော လိုင်စင်များဖြစ်သည်။[၄၇] သို့သော် လိုင်စင်၏တန်ဖိုးမှာ သက်ဆိုင်ရာကဏ္ဍအပေါ် အုပ်ချုပ်ရေးပိုင်းမှ တားမြစ်ကန့်သတ်မှုပမာဏအနည်းအများပေါ်တွင် မူတည်နေသည်။ ထိုကန့်သတ်ချက်များကြောင့် ဈေးကွက်သဘာဝနှင့် ဖီလာဆန့်ကျင်ဖြစ်သော လက်ဝါးကြီးအုပ်မှုကို ဖြစ်စေကာ ဈေးနှုန်းကိုလည်း နိုင်ငံတော်က သတ်မှတ်ပေးရသည်။ ထိုအချက်ကြောင့် လက်ဝါးကြီးအုပ် အမြတ်အစွန်းများ ပေါ်ထွက်လာပြီး ယင်းကို စည်ပင်သာယာရေးအဖွဲ့နှင့် လိုင်စင်အောင်သူတို့ မျှဝေခံစားကြသည်။ ထိုမှတစ်ဆင့် မွေးမြူရေးခြံများမှ အသားထွက်သတ္တဝါများကို ဈေးနှိမ်ပြီး ဈေးကွက်ထဲရှိအသားကို ဈေးတင်သောအခြေအနေသို့ ဦးတည်သွားသည်။ ထိုအကျိုးဆက်ကို ဒေသတွင်းမူဝါဒချမှတ်သူအများအပြားက သတိပြုမိပြီးဖြစ်သည်။ ၎င်းတို့အနက်မှ အချို့သည် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေသည်ဟုဆိုကာ ထိုလေလံစနစ်ကို ပြုပြင်ပြောင်းလဲရန် စတင်ကြိုးစားလာကြသည်။[၄၈] မြို့နယ်အများအပြားအတွင်းရှိ အသားဈေးနှုန်းများမှာ အမှန်တကယ်ဈေးကွက်ကို ထင်ဟပ်နေခြင်းမဟုတ်ဘဲ စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်ထားခြင်းဖြစ်သည်။

လေလံလိုင်စင်စနစ်တွင် ပြဿနာများစွာရှိနေသည်။ ပထမဦးဆုံးအနေနှင့် အုပ်ချုပ်ရေးကဏ္ဍက သတ်မှတ်သည့် နှစ်စဉ်ဈေးတက်မှုနှုန်းထားသည် နိုင်ငံ၏ စီးပွားရေးအဆောက်အဦတွင် ဖြစ်ပွားသောငွေကြေးဖောင်းပွမှုနှုန်းနှင့် ချိတ်ဆက်ခြင်းမရှိသော သဘာဝမကျသည့်ကုန်ဈေးနှုန်းတက်မှုကို ဖြစ်စေသည်။ ဒုတိယအနေနှင့် လိုင်စင်ဆိုင်ရာကန့်သတ်မှုများကြောင့် ဈေးကွက်သဘောအရ သဘာဝမကျသောလက်ဝါးကြီးအုပ်မှုကို ဖြစ်ပေါ်စေကာ ပြိုင်ဆိုင်မှုများနှင့် ဈေးကွက်အကျိုးအမြတ်ကို စီးပွားရေးလုပ်ငန်းများအကြား ခွဲဝေရယူမှုကိုကန့်သတ်ပိတ်ပင်ထားသည်။ ထိုလက်ဝါးကြီးအုပ် လိုင်စင်စနစ်သည်ဈေးကွက်ကို အချင်းချင်းမဆက်စပ်သော အပိုင်းငယ်များအဖြစ် ခွဲထုတ်လိုက်ပြီး စီးပွားရေးလုပ်ငန်းများကိုလည်း အရွယ်အစားကြီးထွားအောင် ဆောင်ရွက်ပြီး စကေးကြီးလုပ်ငန်းများတွင်သာ ရရှိနိုင်သောထိရောက်စွာထုတ်လုပ်နိုင်စွမ်းမှတစ်ဆင့် အမြတ်အစွန်းများရယူသည့်အဖြစ်သို့ မရောက်ရှိနိုင်အောင် ကန့်သတ်တားဆီးမိရက်သား ဖြစ်သွားစေသည်။ မြို့နယ်များအကြား ကုန်သွယ်မှုကို ကန့်သတ်ထားခြင်းကအခြေအနေများကို ပိုမိုဆိုးရွားစေသည်။ ၎င်းစနစ်ကြောင့် ဖြစ်ပေါ်လာ

---

[၄၅] ကြမ်းခင်းဈေးများ သတ်မှတ်ထားသော်လည်း အချို့သောလေလံများတွင် ဝင်ရောက်ယှဉ်ပြိုင်သူ တစ်ဦးမှမရှိသောကြောင့် လိုင်စင်ကို ကြမ်းခင်းဈေးအောက် လျှော့သောဈေးနှင့် ပေးလိုက်ရခြင်းများလည်းရှိသည်။

[၄၆] အချို့သောမြို့နယ်များတွင် လေလံကြေး ငါးသိန်းထက်ပိုသော လုပ်ငန်းများ၌ အရစ်ကျခွဲပေးခြင်းကို လက်ခံသော်လည်း ငါးသိန်းအောက်ကြေးများကိုမူ တလုံးတရင်းတည်းကြိုတင်ပေးသွင်းရသည်။ လေလံဆွဲလိုသော လုပ်ငန်းရှင်သည် သက်ဆိုင်ရာပုံစံကို ဖြည့်သွင်းပြီး ဈေးနှုန်းကို လျှို့ဝှက်ဖော်ပြကာ စာအိတ်ပိတ်ပြီး လေလံကော်မတီသို့တင်ရသည်။ ကော်မတီကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဖွဲ့စည်းထားသည်။

[၄၇] အချို့မြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့ ဝင်ငွေ၏ အကြီးဆုံးအစိတ်အပိုင်း (အချို့မြို့နယ်များတွင် ငါးဆယ်ရာနှုန်းကျော်) ဖြစ်သည်။

[၄၈] နည်းဥပဒေထဲတွင် မြို့နယ်တစ်ခုမှ လိုင်စင်ရသူသည် အခြားမြို့နယ်များသို့ ကျော်လွန်ပြီး အသားရောင်းချပိုင်ခွင့်ကို ကန့်သတ်ပိတ်ပင်ချက်လည်း ပါဝင်သည်။ ထိုကန့်သတ်ချက်ကြောင့် မြို့နယ်တစ်ခုမှ စားသုံးသူသည် အနီးအနားမြို့နယ်တွင် ရောင်းချနေသော ပိုမိုဈေးသက်သာသည့် အသားကို ဝယ်ယူခွင့်ဆုံးရှုံးသွားသည်။ အချို့သော စည်ပင်သာယာရေးအဖွဲ့ နည်းဥပဒေများတွင် တစ်နေ့အတွင်း သတ်ဖြတ်နိုင်သော တိရစ္ဆာန်အကောင်ရေကိုလည်း ကန့်သတ်ထားသည်။ ထို့အပြင် နည်းဥပဒေတွင် သားသတ်ရုံမန်နေဂျာ၊ ဝန်ထမ်းများ၊ အရောင်းစာရေးနှင့် အခြားအလုပ်သမားများသည် ကိုယ်ရေးမှတ်တမ်း၊ မှတ်ပုံတင်အချက်အလက်များ၊ အိမ်ထောင်စုစာရင်း၊ ရဲစခန်းထောက်ခံချက် စသည်တို့ကို တင်သွင်းရန်လိုကြောင်းကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားသည်။

သော နောက်ထပ်ပြဿနာတစ်ခုမှာ အသားထုတ်မွေးမြူရေးတိရစ္ဆာန် အရှင်ဈေးနှုန်းကို လျော့ကျသွားစေခြင်းဖြစ်သည်။ လက်ရှိစနစ်သည် တိရစ္ဆာန်အရှင်မွေးမြူသူများအတွက် ပြိုင်ဆိုင်မှုပြုစရာ ဈေးကွက်မရှိအောင် ဖန်တီးပေးထားသည်။[၆၉] အခြေခံကျကျဆိုရသော် လိုင်စင်စနစ်သည် ဝက်၊ အမဲနှင့် ဆိတ်သား ရောင်းချမှုများတွင် ဈေးကွက်ဆိုင်ရာ ဝိသေသအများအပြားကို ဖယ်ရှားပစ်လိုက်ပြီး အစိုးရ စီမံကိန်း စီးပွားရေးစနစ်နှင့် များစွာဆင်တူသော စနစ်မျိုးကို ဖန်တီးခြင်းသာဖြစ်သည်။

သက်ဆိုင်ရာကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများသည် လေလံလိုင်စင်စနစ်ကို ပြောင်းလဲလိုက်ပြီးနောက်ပိုင်းတွင် ပြိုင်ဆိုင်သူအသစ်များ ပေါ်ပေါက်လာပြီး လက်လီလက်ကားအသားဈေးများလည်း စတင်ကျဆင်းလာသည်ကို သတိပြုမိကြသည်ဟုဆိုသည်။ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေလည်း ကျဆင်းလာပြီး ယင်းအချက်သည် လက်ဝါးကြီးအုပ်မှု၏ အကျိုးအမြတ်များ ကျဆင်းလာခြင်းကို ညွှန်းဆိုသည်။ လေလံလိုင်စင်စနစ်ကို ဖယ်ရှားပြီးနောက်ပိုင်းတွင် အသားထုတ်မွေးမြူရေးတိရစ္ဆာန်များ၏ ဈေးနှုန်းလည်း စတင်မြင့်တက်လာခဲ့သည်။ တစ်ဖက်တွင်လည်း လက်ရှိစနစ်တွင် ဒေသတွင်းလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ အသားဈေးကို တည်ငြိမ်အောင် ထိန်းထားနိုင်ခြင်း စသည်တို့အပါအဝင် အကျိုးကျေးဇူးများစွာရှိသည်။

စည်းမျဉ်းစည်းကမ်းတင်းကြပ်သောဝက်၊အမဲ၊ဆိတ်သားဈေးကွက်နှင့် အခြားဈေးကွက်များထက် ပိုမိုလွတ်လပ်သော ကြက်၊ ငါးဈေးကွက်တို့သည် သိသာထင်ရှားစွာ ကွဲပြားသည်။ ကျေးလက်ဒေသမှ ပြည်သူအများစုဖြစ်သော ဝက်၊ အမဲနှင့် ဆိတ်သားစားသုံးသူနှင့် ထုတ်လုပ်သူများသည် သတ်သတ်လွတ်စားသုံးသူများနှင့် မတူစွာ အဘယ်ကြောင့် အခွန်ဆောင်ရခြင်းဝန်ကို ထမ်းဆောင်နေရပါသနည်း။ ထိုသို့ လေလံလိုင်စင်များမှတစ်ဆင့် ကောက်ခံသော သွယ်ဝိုက်ခွန်များသည် ကြံ့သလိုကောက်ခံသည့် သဘောဆောင်နေသည့်အပြင် ဆင်းရဲသောသူများသည် ၎င်းတို့ဝင်ငွေ၏ အချိုးအစားအတော်များများကို အစားအသောက်အတွက် အသုံးချရသဖြင့် အခွန်ထမ်းနိုင်စွမ်း နိမ့်ပါးသူများကို အခွန်ဝန်ထုပ်ဝန်ပိုး ပိုမိုထမ်းဆောင်စေသည့် Regressive ပုံစံမျိုးလည်း ဖြစ်နေသည်။

## ၄.၃။ ကူးတို့လိုင်စင်

ကူးတို့လိုင်စင်များသည် လေလံလိုင်စင်စနစ်၏ အခြားအရေးပါသော ပုံစံတစ်ခုပင်ဖြစ်သည်။ သားသတ်လိုင်စင်များနှင့် စနစ်ခြင်း တူညီသလို ကွဲပြားခြားနားမှုများလည်းရှိသည်။ ကူးတို့လိုင်စင်ကို သတ်မှတ်ဒေသတစ်ခုအတွက် လုပ်ငန်းရှင်တစ်ဦးတည်းကိုသာ သီးသန့်ပေးအပ်ပြီး စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်သောနှုန်းထားဖြင့် တစ်နှစ်စာ သတ်မှတ်ပေးခြင်းဖြစ်သည်။[၇၀] ကူးတို့လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် စတင်တည်ထောင်ရခြင်းဖြစ်သည်။ လုပ်ငန်းရှင်သည် ကူးတို့သင်္ဘောများကို ဝယ်ယူရသည့်အပြင် အကယ်၍လိုအပ်ပါက ဆိပ်ခံတံတားများ၊ နားခိုဆောင်များကိုလည်း ဆောက်လုပ်ရသည်။[၇၁] ကူးတို့လိုင်စင် လုပ်ကိုင်သော လုပ်ငန်းရှင်များသည် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများ၏ မလုံခြုံမှုကို သိရှိနားလည်လာကြပြီး ထိုမလုံခြုံမှုကို လျှော့ချနိုင်ရန်အတွက် စတင်လုပ်ဆောင်လာကြသည်။ နေရာတိုင်းလိုလိုတွင် ကျင့်သုံးသော လိုင်စင်သက်တမ်း တစ်နှစ် ဟူသောစနစ်သည် ရေရှည်စီမံကိန်းချခြင်း နှင့် ဖွံ့ဖြိုးမှုကို လုပ်ဆောင်ရန် အားမပေးချေ။[၇၂]

## ၄.၄။ အခြားသော လေလံလိုင်စင် အမျိုးအစားများ

စည်ပင်သာယာရေးအဖွဲ့က ထုတ်ပေးနိုင်သော အခြားသော လေလံလိုင်စင် အမျိုးအစားများလည်းရှိပြီး ယင်းတို့၏ သဘောသဘာဝများမှာ မတူညီပါ။ သားသတ်ရုံများကဲ့သို့ပင် အပေါင်ဆိုင်များသည်လည်း သတ်မှတ်ဒေသအတွင်း စည်ပင်သာယာရေးအဖွဲ့က ကန့်သတ်ထားသော လိုင်စင်စနစ်အရ လက်ဝါးကြီးအုပ်မှုကိုရရှိသည်။ အခြားသော လေလံလိုင်စင်အမျိုးအစား အများအပြားသည် နိုင်ငံတော်ကိုယ်စား အခွန်အခများကောက်ယူခြင်းလုပ်ငန်းအတွက် ကန်ထရိုက်အခွဲပြန်ပေးသည့် ပုံစံဖြစ်သည်။ ဥပမာအားဖြင့် ဈေးဆိုင်ခန်းများမှ ကောက်ယူရမည့်အခွန်ကို စည်ပင်သာယာရေးအဖွဲ့များက ကိုယ်တိုင်ကောက်ယူခြင်းမရှိဘဲ ကန်ထရိုက်အခွဲ ပြန်ချပေးသည့်ပုံစံမျိုးကို အချို့သော မြို့နယ်များတွင် တွေ့ရသည်။ ယင်းအမျိုးအစားလေလံလိုင်စင်များမှာ ဘီးခွန်ကောက်ယူခြင်း၊ အများပြည်သူသုံးအိမ်သာနှင့် ရေအိမ်ခများ ကောက်ခံခြင်း၊ ဈေးကောက် ကောက်ခံခြင်း စသည်တို့ဖြစ်သည်။ စုစုပေါင်းကောက်ခံရရှိငွေမှ အချိုးအစားတစ်ခုသတ်မှတ်ပြီး လိုင်စင်ရယူသူက ပေးဆောင်ရခြင်းမျိုးမဟုတ်ပဲ သတ်မှတ်နှုန်းထားတစ်ခုကို အသေသတ်မှတ်ပြီး ကောက်ခံခြင်းဖြစ်သည်။ လိုင်စင်ကြေးနှုတ်ပြီး ကောက်ခံရရှိငွေများအားလုံးကို လုပ်ငန်းရှင်ကရယူသည်။ ထို့ကြောင့် အချို့သောနေရာများတွင် စည်ပင်သာယာရေးအဖွဲ့က အမှန်ဝင်ငွေ၏ အများစုကိုရရှိပြီး အချို့နေရာများတွင်မူ အနည်းစုကိုသာ ရရှိခြင်းမျိုးကိုလည်း တွေ့ရသည်။

---

[၆၉] လိုင်စင်ပြဌာန်းချက်များတွင် ရောင်းချသူသည် 'အကျင့်စာရိတ္တကောင်းမွန်သူ' ဖြစ်ရမည့်အပြင် 'ဝယ်ယူသူများကို ကောင်းမွန်စွာဆက်ဆံရမည်' ဟုလည်း ပြဌာန်းထားသည်။ ထိုစံညွှန်းများနှင့် မပြည့်မီဟု သတ်မှတ်ယူဆခံရသူများ၏ လိုင်စင်ကို ပြန်လည်ရုတ်သိမ်းခွင့်ရှိသည်။ ထိုဝေါဟာရများ၏ အဓိပ္ပါယ်ဝေဝါးမှုကြောင့် ယင်းသည် လိုင်စင်ရရှိသူများဘက်မှ ကြည့်လျှင် မရေရာမှုများပင်ဖြစ်သည်။

[၇၀] ကြမ်းခင်းဈေးနှုန်းများမှာလည်း စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ထားသောနှုန်းထားဖြစ်သည့် တစ်နှစ်လျှင် ၁၀% နှုန်းဖြစ်ပြီး ကြမ်းခင်းဈေးနှုန်းတွင် ချွင်းချက်များလည်းရှိသည်။

[၇၁] အကယ်၍ လုပ်ငန်းရှင်သစ်က လေလံအောင်သွားပါက လုပ်ငန်းရှင်ဟောင်းထံမှ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို နှစ်ဦးသဘောတူ ညှိနှိုင်းပြီး ဝယ်ယူရသည်။ သို့ရာတွင် လုပ်ငန်းရှင်အဟောင်းနှင့်အသစ်ကြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများလွှဲပြောင်းခြင်းနှင့်ပတ်သက်သည့် ငွေလုံးငွေရင်းပြဌာန်းချက်များမပါဝင်သဖြင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းရှင်အနေနှင့် စိုးရိမ်မှုများကိုဖြစ်ပေါ်စေသည်။ အကယ်၍ လုပ်ငန်းရှင်ဟောင်းနှင့် လုပ်ငန်းရှင်အသစ်ကြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ လွှဲပြောင်းခြင်းနှင့်ပတ်သက်ပြီး သဘောတူညီမှုမရပါက လုပ်ငန်းရှင်ဟောင်းသည် မိမိ၏ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို ပြန်လည်ဖြုတ်သိမ်းခွင့်ရှိသည်။

[၇၂] လုပ်ငန်းရှင်များသည် ထိုသို့ကန့်သတ်မှုများထားရှိသောကြောင့် အခြေခံအဆောက်အဦအတွက် ရင်းနှီးမြှုပ်နှံရန် အကြောင်းမရှိတော့သလို ငွေကြေးတတ်နိုင်မှုလည်း မရှိနိုင်တော့ပေ (လိုင်စင်ချထားပေးရာတွင် ထိုသို့လုပ်ဆောင်ရမည်ဆိုသော သတ်မှတ်ချက်များလည်း မပါနေပေ။)။

## ငါး။ ။ မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန် အချက်များ

### ၅.၁။ အဓိက အကြံပြုချက်များ

အထက်တွင်ဖော်ပြခဲ့သည့် လက်ရှိဒေသန္တရ စီးပွားရေးစီမံအုပ်ချုပ်မှုတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများကိုအခြေခံကာ အောက်ပါအကြံပြုချက်များကို ဖော်ထုတ်ထားပါသည်။ အကြံပြုချက်များအားလုံးကို စုပေါင်း၍ ဆောင်ရွက်ပါက ဝင်ငွေတိုးမည်ဖြစ်သော်လည်း အချို့သောအကြံပြုချက်များ (အထူးသဖြင့် လေလံလိုင်စင်စနစ်နှင့်ဆိုင်သော အကြံပြုချက်အချို့) ကြောင့် ဝင်ငွေလည်း လျော့ကျသွားစေနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များကဲ့သို့ အချို့သော ဒေသအာဏာပိုင်များသည် လေလံလိုင်စင်မှရရှိသည့် ဝင်ငွေကို အလွန်အမင်း မှီခိုအားထားနေရခြင်းကြောင့်လည်း ပြဿနာရှိနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဈေးပြိုင်လိုင်စင်စနစ်ကို ပြုပြင်ပြောင်းလဲခြင်းများသည် အဆောက်အဦခွန် တိုးမြှင့်ခြင်းလုပ်ငန်းနှင့် အချိန်ကိုက်ဆောင်ရွက်မှသာလျှင် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေ သိသိသာသာလျော့ကျပြီး အရေးပါသော ဒေသတွင်း အခြေခံဝန်ဆောင်မှုများ နိမ့်ကျလျော့ပါးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုအချက်များကို ထည့်သွင်းစဉ်းစားပြီး အကြံပြုလိုသည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ပြင်လွယ်ပြောင်းလွယ်သော လိုင်စင်ချထားပေးသောစနစ်[၅၃] ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်နိုင်ရန်နှင့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများကို စမ်းသပ်လုပ်ကိုင်နိုင်ရန် ဒေသန္တရစီးပွားရေးစီမံခန့်ခွဲမှုအား ဗဟိုချုပ်ကိုင်မှုပိုမိုလျှော့ချသင့်သည်။

- ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် အစိုးရဌာနများသည် ပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်နှီးနှောမှုလုပ်ငန်းစဉ်များကို အခြေခံသော ဒေသအလိုက်၊ နှစ်များစွာ ပြုပြင်ပြောင်းလဲမှုနည်းဗျူဟာများ ချမှတ်သင့်သည်။ ထိုလုပ်ငန်းစဉ်များက ပြုပြင်ပြောင်းလဲရေးမလုပ်မီ ယုံကြည်မှုနှင့် နားလည်မှုများကို တည်ဆောက်ပေးနိုင်ပါသည်။

- အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်ကာ လက်ရှိနှင့် အနာဂတ်စီးပွားရေးစီမံခန့်ခွဲမှုစနစ်များအကြောင်းကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြနိုင်သည့် ဆက်ဆံရေးမဟာဗျူဟာများကို ဖော်ထုတ်သင့်သည်။

- လက်ဝါးကြီးအုပ်မှုမှ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်မှုများနှင့် နှစ်စဉ ဈေးနှုန်းတိုးမြှင့်ခြင်း၏ ဆိုးကျိုးများနှင့် ဈေးနှုန်းပုံသေသတ်မှတ်ခြင်း၏ အကျိုးဆက်ဆိုးများကို လျှော့ချရန် ဈေးပြိုင်လေလံစနစ်ကို ပြုပြင်ပြောင်းလဲသင့်သည်။

- သဘာဝအလျှောက် ပေါ်ပေါက်လာသော လက်ဝါးကြီးအုပ်မှုအခြေအနေတွင် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းနှင့် အစိုးရ၏ ဝင်ငွေရှယ်ယာ တိုးတက်ခြင်းများ ဖြစ်ပေါ်စေရန် လေလံလိုင်စင်စည်းကမ်းများကို ပြန်လည်သုံးသပ်သင့်သည်။

- မသေချာမှုများဖြင့် စီးပွားရေးလုပ်ငန်းများ၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေသောကြောင့် စားသုံးသူများ အပေါ်တွင် စားရိတ်ပိုလာစေသည့် တစ်နှစ်သက်တမ်းလိုင်စင်များကို လျှော့ချရန်။

- ကြိုတင်လိုင်စင်ကြေးသွင်းသည့်စနစ်ကို ပြုပြင်ပြောင်းလဲခြင်းဖြင့် လိုင်စင်သက်တမ်းတစ်လျှောက် အရစ်များခွဲကာ ပေးသွင်းလာနိုင်အောင် ဆောင်ရွက်ပေးသင့်သည်။

- လိုင်စင်ရရှိသွားသော လုပ်ငန်းအမျိုးအစားအချို့၏ သန့်ရှင်းရေးနှင့် စိတ်ချလုံခြုံမှုရှိရေးတို့အတွက် အရေးယူဆောင်ရွက်မှု စနစ်များကို ပိုမိုကောင်းမွန်အောင် ပြုလုပ်သင့်သည်။

- အဆောက်အဦးခွန်များကို စည်ပင်သာယာရေးအဖွဲ့များအတွက် အရေးပါသော အထွေထွေဝင်ငွေ အရင်းအမြစ်ဖြစ်လာအောင် ပြုပြင်ပြောင်းလဲသင့်သည်။

- မြေခွန်ကို ပြုပြင်ပြောင်းလဲပြီး အခွန်စတင်ကောက်ခံရမည့် အနည်းဆုံးမြေအကျယ်အဝန်းကို သတ်မှတ်ကာ ၄င်းအကျယ်အဝန်းအောက် ပိုင်ဆိုင်သောသူများထံမှ အခွန်ကောက်ခံခြင်းမရှိအောင် ဆောင်ရွက်သင့်သည်။

- သားသတ်ရုံများမှထွက်ရှိသော အသားများကို မြို့နယ်များအကြား သယ်ယူရောင်းချမှုနှင့် အခြားကိစ္စရပ်များအပါအဝင် ကုန်သွယ်မှုအပေါ်ထားရှိသောဒေသန္တရအဆင့်စီမံခန့်ခွဲမှုအဆီးအတားများကို လျှော့ချသင့်သည်။

- "ဘတ်စ်ကား စည်းကမ်းထိန်းသိမ်းရေးကော်မတီ" သို့မဟုတ် ဟိုတယ်များအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တောင်းခံသော လိုအပ်ချက်များ စသည့် ဒေသန္တရစီးပွားရေးလုပ်ငန်းများ ကနဦးထူထောင်ရာတွင် အဟန့်အတားဖြစ်စေသော ကိစ္စရပ်များကို ဖယ်ရှားသင့်သည်။

- မြေနှင့် အဆောက်အဦခွန်များကို နောက်ကျပေးဆောင်ခြင်းနှင့် ပေးဆောင်ရန်ပျက်ကွက်ခြင်းများကို ဒဏ်ငွေတပ် အပြစ်ပေးသင့်သည်။

[၅၃] သီအိုရီအရ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော်လည်း အချို့နေရာများတွင် ပြည်ထောင်စုအစိုးရ၏ လွှမ်းမိုးမှုများ ရှိနေသေးသည်ကို သတိပြုမှတ်သားသင့်ပါသည်။ မည်မျှလွှမ်းမိုးမှုရှိသည်ကို တွက်ချက်ရန်ခက်ခဲပါသည်။ သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအနေဖြင့် ဆုံးဖြတ်ချက်များချရာတွင် လုပ်ပိုင်ခွင့်အာဏာအတော်အတန် ရှိနေသေးကြောင်းလည်း တွေ့ရပါသည်။ ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပမာဏတစ်ခုသတ်မှတ်ကာ ထိုပမာဏအောက်အတွက် လိုင်စင်ချထားပေးသည့် လုပ်ပိုင်ခွင့်များကို ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချပေးရန် လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်းများတွင် ဆွေးနွေးပြောဆိုနေကြကြောင်းလည်း တွေ့ရပါသည်။ ထိုကိစ္စများ ရှိလာပါက ပြည်နယ်/တိုင်းဒေသကြီးအဆင့် စီမံကိန်းဝန်ကြီးမှ ကိုင်တွယ်ဆောင်ရွက်မည်ဟု မျှော်လင့်ရပါသည်။

- ဒေသန္တရစီးပွားရေးလုပ်ငန်းများအတွက် အစိုးရမှချမှတ်ထားသော မူဘောင်များကို ဖော်ပြသည့် ဒေသအဆင့် ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပါအဝင် အခြားသတင်းအချက်အလက်များကို ပြည်သူလူထု ပိုမိုလက်လှမ်းမှီနိုင်အောင် ဆောင်ရွက်ပေးသင့်သည်။

စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအများအပြား၊ အထူးသဖြင့် လေလံလိုင်စင်များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ လက်အောက်တွင်ရှိသောကြောင့် လက်ရှိစနစ်တွင် ချို့ယွင်းချက်များစွာ ရှိကြောင်းနှင့် ၎င်းတို့ကို ပိုမိုကောင်းမွန်လာအောင် ပြင်ဆင်နိုင်ကြောင်း အချို့ဒေသန္တရအရာရှိများက သိနားလည်ပြီးဖြစ်ကြသည်။ ဒေသန္တရအဆင့် ပြုပြင်ပြောင်းလဲမှုများသည် ပြည်ထောင်စုအဆင့်မှ ခွင့်ပြုချက်ရယူရန် မလိုအပ်သောကြောင့် ဒေသန္တရအဆင့် စီးပွားရေးမူဝါဒများကို စမ်းသပ်ဖော်ဆောင်ရာတွင် ပိုမိုလွယ်ကူပြီး အချိန်ကုန်သက်သာနိုင်သည်။ အရွယ်အစားသေးငယ်သော ဒေသန္တရအဆင့်စနစ်များကို ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ဖြစ်နိုင်ချေလည်း ပိုများသည်။ နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ ဒေသန္တရအဆင့်အစိုးရများသည် ၎င်းတို့လက်အောက်တွင်ရှိသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ရာတွင် သိသိသာသာပင် ပြင်လွယ်ပြောင်းလွယ် ပြုလုပ်နိုင်ကြသည်။

အထက်တွင်ဖော်ပြခဲ့သော အကြံပြုချက်များသည် အမှန်တကယ်လိုအပ်နေရုံသာမကဘဲ မူဝါဒချမှတ်သူများအတွက် ရေတိုနှင့် ရေလတ်ကာလများတွင် ပြုလုပ်ရန် လက်တွေ့ကျပါသည်။

## ခြောက်။ ။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

### ဆွေးနွေးရမည့် အမေးပုစ္ဆာများ

- မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသကြီးများ၏ လက်ရှိဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်(များ)၏ အားနည်းချက်နှင့် အားသာချက်များမှာ အဘယ်နည်း။
- စည်ပင်သာယာရေးအဖွဲ့များနှင့် အခြား ဒေသန္တရစီးပွားရေး စီမံခန့်ခွဲသည့် အဖွဲ့အစည်းများအနေဖြင့် ဒေသန္တရအဆင့် လိုင်စင်ချပေးသည့် လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်စေရန် မည်သို့သောလုပ်ငန်းအဆင့်များကို ဆောင်ရွက်သင့်သနည်း။
- ဒေသန္တရအဆင့် စီးပွားရေးစီမံအုပ်ချုပ်သည့် အဖွဲ့အစည်းများအနေဖြင့် မကြာသေးသောနှစ်များအတွင်းက စတင်ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လုပ်ငန်းစဉ်များအပေါ် မည်သို့အခြေပြုလုပ်ဆောင်သင့်သနည်း။
- ပြည်ထောင်စုအစိုးရအနေဖြင့် ဒေသန္တရအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက တိုးတက်မှုမရှိသော (regressive) ဝင်ငွေဖွဲ့စည်းပုံများ အပေါ် မှီခိုနေခြင်းအား လျှော့ချရန် မည်သည့်လုပ်ငန်းအဆင့်များ ချမှတ်လုပ်ကိုင်သင့်သနည်း။
- စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် စားသုံးသူများအတွက် စည်းမျဉ်းစည်းကမ်းနှင့် လိုင်စင်ချထားပေးခြင်း လုပ်ငန်းစဉ်များ ဆိုင်ရာ ကိစ္စရပ်များ ပိုမိုကောင်းမွန်လာအောင်ပြုလုပ်ရန် မည်သို့သော နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများ လိုအပ်သနည်း။
- နှိုင်းယှဉ်နိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲခြင်း ဥပမာများမှတဆင့် မည်သို့သော သင်ခန်းစာများ ရယူနိုင်သနည်း။
- မြန်မာနိုင်ငံ၏ ဒေသန္တရစီးပွားရေးအုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲရာတွင် မည်သို့သော အဓိကအခက်အခဲ၊ ပျက်စီးဆုံးရှုံးနိုင်ခြေများ ရှိသနည်း။

### ဆက်လက်လေ့လာဖတ်ရှုရန်


- ဟိန်းမစ်(ရှ်)နစ်ဆင်၊ စင်ဒီဂျိုးလင်း(န်)၊ ကြည်ပြာချစ်စော၊ သက်အောင်လင်းနှင့် မက်သယူးအာနီးလ် ၂၀၁၃။ မြန်မာနိုင်ငံ တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ်၊ ရန်ကုန် : အာရှဖောင်ဒေးရှင်း - စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတတ်ရေးအဖွဲ့
- Bissinger, Jared, and Linn Maung. 2014. Subnational Governments and Business in Myanmar. Yangon: The Asia Foundation and Myanmar Development Research Institute-CESD.
- Arnold, Matthew, et al. 2015. Municipal Governance in Myanmar: An Overview of Development Affairs Organizations. Yangon: The Asia Foundation and Myanmar Development Research Institute-CESD.
- Kyi Pyar Chit Saw, and Matthew Arnold. 2015. Administering the State in Myanmar: An Overview of the General Administration Department. Yangon: The Asia Foundation and Myanmar Development Research Institute-CESD.
- Hendrix, Cullen, and Marcus Noland. 2015. Myanmar: Cross-cutting Governance Challenges. Economics Working Paper Series. Yangon: ADB.
- UNDP Myanmar. 2014. ဒေသန္တရအစိုးများ. ရန်ကုန်: UNDP မြန်မာ.

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar